ပန်းချီ

# ရွှေရောင်နေ့ရက်များဆီ




EMIN
2011

ပန်းချီ ညီသက်ပိုင်

# ရွှေရောင်နေ့ရက်များဆီ

**ထုတ်ဝေသူ**
ဦးစန်းလွင် (ခရမ်းပြာစာပေ)
၂၉၊ မင်းရဲကျော်စွာ (၂)လမ်း၊ (၅)ရပ်ကွက်၊
ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

**အတွင်းနှင့် အဖုံးပုံနှိပ်သူ**
ဦးကျင်ရင် (မြ-၁၀၀၉၈)
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ် -၁၇၉၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်ခြင်း**

၂၀၁၄ ခုနှစ်၊ ဧပြီလ

**အုပ်ရေ** - ၅၀၀၊ **တန်ဖိုး** - ၁၀၀

**ဖြန့်ချီရေး**
ဖိုးလပြည့်စာပေ
၃၊ ၃ လွှာ၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း ၀၉-၅၁၆၃၇၆၄၊ ၅၀၈၉၈၉၄





ကျွန်း ပျဉ်းကတိုး ပိတောက် စသည့် တော်ဝင်သစ်များ ဖြင့် အဆိုင်အခန့် ဆောက်ထားသော အိမ်ကြီး၏ အိပ်ခန်းအတွင်း မှာပင် အူ့စိတ်က မလုံခြုံ .... တစ်ဒီတစ်ဂို တောခွေးတွေ အူသံကို ကြားရ၏.. ကျောထဲက စိမ့်ခနဲ ....
ကြားလား ညီညီ ... ကြားလား ..


ကြားသားပဲ ... မိကောင်တွေ ကြက်ခြံနဲ့ ဘဲခြံနားမှာ လာရှုပ်နေတာ ကိုလတ်ရဲ့ ..
ညီညီက တောင်ကို ကပ်ငြိမ်းခြံက မြန်ကြွေးရော ...
သူလည်း ညီညီလို မတုန်မလှုပ် အိပ်စက်ပစ်ချင်သည် ... အိပ်၍မရ ... မေမေနှင့် နေခဲ့ဖူးသော R.C တိုက်ကြီးကို သတိရသည် ..... စပရင်မွေ့ရာနှင့် အားမွေးစောင် ထူထူကြီးတွေကို တမ်းတမိသည် ....
ဗိုး ... မနက်အာစောကြီး ထပြီး ကျောင်းကိုရောက်အောင် တစ်နာရီလောက် စက်ဘီးနင်းရဦးမယ် ...
စိတ်ထဲက ညည်းတွားမိသည် ..... မေမေ့ ဆီမှာတုန်းက နေမြင့်မှ အိပ်ရာထသည် .... အိမ်ကကားမအားတောင် အငှားကားတစ်စင်းတော့ သူတို့ ကျောင်းပို့ဖို့ စီစဉ်ပေးခဲ့သည် ....
ပေပေနဲ့ မေမေ မြန်မြန် အခင်ပြေဂုဏ် ကောင်းမှာတဲ့ ...


ဒီက သူ့ဘာသာ
မျှော်လင့်ခဲ့တာ ...
ဒီကို ပြောင်းလာပြီး
ကာလထဲက မေမေ
အကြောင်း
ဖေဖေက တစ်ခွန်း
တစ်ပါဒ မျှပင်
စကားထဲ
ထည့်မပြော ....
သို့အတူ မေမေနှင့်
ရှိစဉ်က သူတို့အပေါ်
ဘာ့တစ်ခုမျှ ဝင်ရောက်
စွက်ဖက်မပြု
ဘာသာနေသော
ဖေဖေက သူ့ကို
ရောက်သည့်နေ့မှစ၍
မနက်လေးနာရီ
ထိုးတာနဲ့ ကိုယ့်အိပ်ရာ
ကိုယ် သိမ်းပြီးသား
ဖြစ်နေရမယ် ...
ငါးနာရီခွဲမှာ
မနက်စာကို
အလုပ်သမားတွေနဲ့
အတူစားမယ် ...
ခြောက်နာရီ
ထိုးတာနဲ့ ကျောင်းကို
သွားဖို့ အသင့်သင့်
ဖြစ်ရမယ် .. ဒီက
စထွက်ရမယ် ..
သူတို့ကို
စစ်တပ်တစ်တပ်လို
အုပ်ချုပ်သည် ....


ညဘက် အိပ်မပျော်တော့ မနက် အိပ်ရာဝေ နောက်ကျသည်နှင့် ...
လူလောက် အသိဉာဏ် မရှိတဲ့ ကြက်တွေ ငှက်တွေတောင် နေ အရုဏ်သန်းတာနဲ့ သူတို့ အသက် ရှင်သန် ရပ်တည်နိုင်ဖို့ စားကျက်ရှိရာ ကို အိပ်တန်းက ဆင်းပြီး ပျံသန်းကြတယ်... ရှာဖွေကြတယ် ....
မင်းတို့က တိရစ္ဆာန်ထက် နိမ့်ကျတဲ့ လူတွေပဲ... လုံ့လ ဝီရိယ မရှိရင် ဘယ်တော့မှ တိရစ္ဆာန်ထက် ပိုလာမှာ မဟုတ်ဘူး ....
ဉာဏ် ဘယ်လောက် ကောင်းကောင်း ကမ္ဘာ့သိတဲ့ အလုပ် မပါရင် ဘာမှ ဖြစ် လာဘူး ..ဉာဏ် မရှိတောင် အလုပ်မှာ လုံ့လဝီရိယရှိ သူဟာ မဆင်းရဲဘူးကွ မှတ်ထား ....
ဖေဖေ၏ ဆူပူ မောင်းမဲမှုက လွတ်ဖို့ ကြိုးစားကြရသည် ...


ကိုကိုကြီးက မေမေ့ ၏ လုပ်ငန်းခွင်ထဲရောက်သွား၍ မေမေ့ လောင်းရိပ်မလွတ်သော်လည်း အလုပ်သမားတွေနှင့်သာ အတူအိပ်အတူစား၍ သူတို့ထက်လွတ်လပ်သည်..
အလုပ်သမားတွေက ငါ့အတွက်ဆိုရင် ရှယ်ပဲ ,..အိပ်ရာ သိမ်းရော မလိုဘူး ..ပန်းကန်ဆေးစရာမလိုဘူး ဟင်းဆိုလည်း သီးသန့် ..တဲ့ ...တဲ့ ...
သူ့ကိုကို့ အမြဲ ကြွားလိုတတ်သည်.. သည် အခါတိုင်း ညီညီက ....
အိုသို ကိုကြီး ဂေါ်ကြီးမှာပေါ့ ...အလုပ်သမား တွေက ကိုကြီးထက် အသက်ကြီးတဲ့ လူတွေချည်းပဲ ....
ဘာဆိုင်သလဲ .. သူတို့က တို့ရဲ့ အလုပ်သမားတွေပဲ ညီညီရ ...



သူတို့ အလုပ်က ကြက်ခြံ ဘဲခြံ နွားခြံ နဲ့ စိုက်ခင်းတွေအတွက်ပဲ ကိုကြီးရဲ့ အိုက်ဂျာသိမ်းဖို့ ယန်းကန်ဆေး ပေးဖို့မှ မဟုတ်တာ ...
ထို့... တွေးလေး... ဒီမယ် ညီညီ အလုပ်ရှင်ဆိုတာ အလုပ်သမားရဲ့ အရှင်သခင်ကွ... ဒါကြောင့် သူတို့ ငါ့အတွက် ဘာမဆို လုပ်ပေးရမှာပဲ...
သူက ဒီအယူအဆကို တရားမျှတသည်ဟု မထင်ပါ ... ညီညီ ပြောတာကိုပဲ လက်ခံသည်.. ဒါပေမယ့် ညီညီ့လိုတော့ အတိုက်အခံမပြု ... ညီညီကတော့ ......
အဲဒီ ဖေဖေ့ကို ဒီကိစ္စ ပြန်ပြောပြရမယ်..


ဘာကွ..
ဟုတ်တယ်လေ...
ပြောရဦးမှာပဲ ... မတရားတာကို
ပေပေကိုယ်တိုင် လက်ခံရင်
ဒီ မှားတာပဲ ....
ဒေါင်းကို အဝတိုးခံလိုက်ရမယ့် ညီညီက
တစ်ချက်ကလေး မျက်နှာမပျက် ...
မခံချင်စိတ်နဲ့ နီရဲလာတဲ့ မျက်နှာနဲ့သာ....
ကဲ...
မှားဦးကွာ...
ကိုကြီး ...
ကျွန်တော့်ကို အနိုင်
မကျင့်နဲ့ ... ဒီကိစ္စ
ပေပေနဲ့ကို ကျွန်တော်
ပြောမှာပဲ မှတ်ထား..



နောက်တစ်နေ့မှာတော့ ကိုကိုကြီး ဂုဏ်ရူး ပြုတ်ကျသွား၏ ... ပေပေက နွားခြံကိုပို့ကာ နွားချေး ကျုံးခိုင်း တော့သည် .....
မှတ်ထားကွ... အခြောက်တိုက် ဘဝင် မြင့်ချင်တဲ့ကောင် ဆိုတော့ ဘဝင်လေမဟပ်အောင် အောက်ခြေက ပြန်စပြီး ခိုင်းလေး ရတယ် ...ဒါမှ အလုပ်ရဲ့သဘော အလုပ်ရဲ့ တန်ဖိုးကို သဘောပေါက်လာမှာ...
ပေပေက ပြုတ်သွားသည်... ယ်သူ့ကိုမှ မညှာ ... က်မလိုက်... အပြစ်ပိုလျှင် အပြစ်နဲ့ ထိုက်တန်အောင် ခုံးမ သည်... ဒါကြောင့် ဒီတစ်ပိုက်မှာ ပေပေ့ကို ခန့်ညားဖို့သေ လေးစားကြသည် ....


တစ်နေ့တော့ ကျောင်းအပြန် လမ်းမှာ ညီညီက ....
ကိုသက် ခဏစောင့်ပါလား...
ဘာလုပ်မှာလဲကွာ တော်ကြာ နောက်ကျတယ် ဆိုပြီး ပေပေက ...
ခက်တဲ့ကောင် ပါလားကွာ ...
ခဏပါဆို မစောင့်ချင်လည်း သွားနှင့်တော့ဗျာ..
ညီညီက လွယ်အိတ်ထဲမှ လေးခွ နှင့် ကျောက်စာလုံး ထုတ်ယူတော့မှ...
ဟင်း ..ငှက်ပစ် မလို့ မဟုတ်လား.. အကုသိုလ် အလုပ်ကိုကွာ ...
နေစမ်းပါ...


ကောတန်းကလေးဆီ ပြေးဝင်သွားရင်း... သူ့စိတ်ထဲမှာတော့ မေမေ ဆူမည့် ကိုသာ တွေးရင်း ပူပန်နေတော့သည်... ညီညီက ထားရစ်ခဲ့သော သူ့ကိုကော စက်ဘီးကိုပါ သတိပင်ရပါတော့မလား မသိ .....
ငါ့ဘာသာ ပြန်သွားရင် စက်ဘီးကို ဘယ်လိုလုပ်မလဲ ပြဿနာပဲကွာ...
သူ့ စက်ဘီးကို သူ ပြန်နင်းသွား နိုင်သော်လည်း ညီညီ စက်ဘီးကို ပစ်ထားခဲ့လို့ မဖြစ်နိုင်သဖြင့် စက်ဘီး နှစ်စင်းစလုံး တစ်ယောက် ထဲလည်း မနိုင်တတ်... နေက တောင်တန်းနောက်ကို စွန်းစွန်းနစ်တော့မှ


ယုန် နှစ်ကောင်ကို နားရွက်မှ ဆွဲကာ ညီညီ ပြန်ပြေးလာသည် ....
တွေ့လား ဒီမှာ ဒီနှစ်ကောင်ကို ကျွန်တော် ချောင်းနေတာ ကြာပြီ ... ဘာဂုမလဲ သူတို့ ကျင်းထဲ ပြန်အဝင် စောင့်တွယ် လိုက်တာ ...
အော ...တို့ကိုလည်း တွယ်ဖို့ ဖေဖေက စောင့်နေလောက်ပြီ..
ဟား ... ဟုတ်သားပဲ ကျွန်တော် မေ့ သွားတယ် ...
ငါက မင်းကြောင့် အပြောင် ခံရမှာ ...
မကြောက်ပါနဲ့ ကိုလတ်ဂုယ် ... ကျွန်တော် ဘာသာ ခံပါ့မယ် ... လာ .. တစ်လက်စတည်း ခံရမယ့် အတူ ဒီယုန်တွေကို ရှက်ဖို့ ဦးလေးအောင်ဒင်တို့ တဲကို သွားပေးကြစို့ ...



ဦးလေးအောင်ဒင်က မေမေ၏ စိုက်ပျိုးရေး အလုပ်သမားကြီး လူယုံတော်ကြီး ဆိုရင် လည်းမမှား ...သူတို့ တဲကိုရောက်တော့ မှောင်စ.
ဟာ ... ကိုလတ်နဲ့ ကိုကွေး ... မင်းတို့တော့ ဒုက္ခပါပဲကွာ ...
ဦးလေးအောင်ဒင်၏ သမီးကလေး ပန်းသွယ်က ပြေးထွက်လာရင်း .....
ဟာ .... ကိုကိုတွေ လက်ထဲမှာ ယုန်ကြီးတွေ အမေရေ ယုန်ကြီးတွေ ...
ကဲ ... ရော့ ... ပန်းကလေး မေမေ့ကို သွားပေး ... တစ်ကောင်ကို ပန်းလေးတို့ စား .... တစ်ကောင်ကို ကင်ပြီး အိမ်ကို မနက်ကျမှ ပို့ပေး ... တို့ သွားမယ် ...
ဪ .... ပျော်တယ်ကွ ...


ပန်းသွယ်ကလေး တို့ မောင်နှမတွေက
တော့ ဈေးကို ရှန်းပေါက်နေကြသည့်
ဦးလေးအောင်ဒင်ကတော့ ....
မင်းတို့ အဖေကတော့
ဒေါသပုန်ထနေပြီ ကောင်လေးတွေ
မြန်မြန်သာ ပြန်ကြပေတော့ ..
ဟုတ်ကဲ့ ...
ဦးအာစ်ကို နှစ်ယောက်
စက်ဘီးကို သုတ်ခြေတင်
နင်းခဲ့ကြ၏ ....
အိမ်ဝင်းထဲ ဝင်မိတာနဲ့ ...
မင်းတို့
နှစ်ယောက်စလုံး
အိမ်ထဲ မဝင်ကြနဲ့ ..
အဲဒီမှာ လက်ပိုက်ပြီး
ရပ်နေ ....



ထိုကာတော့ ဖေဖေငိုက်တော့မည်
ထင်ရှု ဒူးတွေ တဆတ်ဆတ်တုန်ကာ
မျက်ရည်တွေ လည့်လာသည် ....
ညီညီက ဖေဖေ့ကို မော့ကြည့်ရင်း ....
ကိုလတ်နဲ့ မဆိုင်ဘူး ဖေဖေ သားက ကိုလတ်ကို စောင့်ခိုင်းတာပါ ... ရိုက်ရင် သားကိုပဲ ရိုက်ပါ ကိုလတ် အတွက်ပါ ရိုက်ချင် ရိုက် ...
ဖေဖေ့ မျက်နှာပေါ်က ဒေါသရောင်က ပျော့တော့သွား၏ ... ညီညီ့ကို ရှုရှုရှဲ့ ကြည့်ရင်း .....
ဪ ... မင်းက ဆရာကြီးကို ...သူရဲကောင်းကြီးကို ... ဟုတ်ပြီ .. ဟုတ်ပြီ ... မင်းသဘောအတိုင်း ဖြစ်ရမှာပေါ့ကွာ ... ကဲ အလတ်ကောင် စက်ဘီးတွေ သိမ်းပြီး မင်း လုပ်စရာရှိတာ သွားလုပ်တော့ ...
ဟုတ် ... ဟုတ်ကဲ့ ဖေဖေ ...


မိမိ အပြစ်ကလွတ် သော်လည်း ညီညီ အတွက် စိတ်မကောင်း
ကဲ..ကိုတွေး မင်း ဒီမှာပဲ လက်ပိုက်ပြီး ရပ်နေ ...ငါ မပေါ်မချင်း မင်း ဒီနားမှာ ဒီပုံစံအတိုင်းနေ...အော..မင်း ငါ့အမိန့်ကို နဲနဲလေး ဖေါက်ဖျက်တာနဲ့ ဟောဒီ နွားရိုက်တဲ့ကြိမ်နဲ့ မင်း အရေပြားတွေ စုတ်ပြတ်သွားအောင် တွယ်ပြီသာမှတ် ....
ပြောသည့်အတိုင်း ဖေဖေ လုပ်တတ်တာ သူတို့ သိပြီး သား ...သည့်အတွက် ကိုကိုကြီး ကတော့ ကျူးရပ်နေရ .... ညီညီ ဝင်လာပြီပေါ့ ...


ညစာစားချိန်အထိ ဖေဖေက လုံးဝ မပေါ်... ညီညီ့အတွက် သူပင် ထမင်း စား၍ မျိုမကျ... ခမျာ ဆာနေ လောက်ပြီ.. ဖေဖေ မသိအောင် ခိုးကျွေးဖို့လည်း သူ့မှာ သတ္တိမရှိ...
ထမင်း စားပြီး တာနဲ့ အလတ်ကောင် ကျောင်းစာအုပ်ကိုကိုင်..
ဖေဖေ့၏ အမိန့်ကြောင့် သူ စာကြည့်စားပွဲမှာ ဝင်ထိုင်ရသည်...ကျောင်းစာထဲကို စိတ်မဝင်စားပါ... ညီညီ့အတွက် ဝမ်းနည်းစိတ်သာ ဖြစ်နေခဲ့သည်... ညစာနောက်ပိုင်း သောက်တတ်သော ဖေဖေက ညစာစားပြီးတာနဲ့ ယမကာ အရှိန်လေးဖြင့်မှိန်းတတ်၏. သည်အချိန်မှာ ညီညီ့အတွက် တစ်ခုခု ဖန်တီးပေးဖို့ သတ္တိမွေးသည် .....


ဆောင်းဥတုရဲ့ အအေးဓါတ်က အပြင်မှာ မာသိုထားနှင့် အိမ် အတွင်းမှာပင်လျှင် စိမ့်နေ သည်မို့ စောင်တစ်ထည်လောက် တော့ ပိုလေးမည်ဆိုဖြစ်သည် ...
စောင်ကို အသာလုံး၍ ပိုက်ကာ အိမ်နောက်ဖက် တံခါးမှ ဖွင့်ထွက်ပြီး နက်ရှိုင်းအေးစက်သော အမှောင်ထုကြောင့် သူ့အလိုလို ခြေလှမ်းတွေ တွန့်ဆုတ်သွားရသည် ....
အမှောင်ထုထဲမှာ ကျင်လည်ကျက်စားတတ်သော မကောင်းဆိုးဝါး ဝိဉာဉ်သရဲ ဆိုတာတွေကို သူ အမှန်မတွေ့ဖူးသော်လည်း ကြောက်ရွံ့သည် က အမှန် ... အိမ်နောက်ဖက်မှသည် အိမ်ရှေ့ တလင်းအထိ ဖြတ်သန်းရမည့် အမှောင်ထုကို သူ မှန်းဆရင်း ရင်တွေခုန်လာ၏ ....



စိတ်ကိုတင်းရင်း အမှောင်ထဲကို ရှေ့လှမ်း သုံးလှမ်းမျှ တိုးဝင်မိချိန်မှာ ...
ဟာ !
အမှောင်နက်နက်ထဲမှ ဝင်းလက်သော မျက်လုံးများ ကို ရင်ဆိုင်လိုက်ရ၏ ...
သူ့ကို ဝေဝီမဲ့ မြင်ပြူကာ မာန်ဖီလိုက်သံကြောင့် သူ့ တစ်ကိုယ်လုံးတုန်ခါသွားသလို ..
ဖေဖေ .... ခွေး .... တောခွေးတွေ ....



သူ၏ အော်သံနက်
ရှုးရှူးက တစ်ခြံလုံး
ကို လှုပ်နှိုးလိုက်
သလိုမျိုး ....
ဟာ ! ...
ဒီကောင်တွေ အတင့်ရဲ
လှချည်လား ...
အောင်တင့်တို့
မိုးတင့်တို့
ဘယ်မှာလဲ ...
ချက်ချင်း ဖေဖေ
သတိရသွားသည်က
အပြင်မှာ ဒက်စေး
ထားခဲ့သော ဓားသို့.
ဟား .. သား ..
ငါ့သားလေး ...
ဒူးလေးကို
ဖေဖေ ဆွဲယူကာ
ပြေးထွက်သည် ...
သူလည်း အိမ်ထဲ
ပြန်ဝင်ကာ
ဖေဖေ့နောက်
ပြေးလိုက်ပါ ...


မြင်ကွင်းက
သူတို့ကို
အံ့အားသင့်
သွားစေ၏ ...
ဟာ! ..
ဟင်!
ညီညီ နှင့် ပန်းသွယ်လေးကို
တောခွေးတစ်အုပ်က ဝိုင်းထား၏ ...
ညီညီ လက်ထဲမှာ ထင်းချောင်း
တစ်ချောင်း ကိုင်လျက် ပန်းသွယ်
လေးကို ကျောဘက်မှာထားရင်း ....
လာကြစမ်း ...
မင်းတို့ ကိုက်ရဲရင်
ရှာ့တိုးခဲ့စမ်း ..လာ ...
ဂီး ...
ဂါ ...
သူတို့ရှေ့တွင် ဖြတ်ကျ
ပြုံ့ကျနေသော ချုံ
ထဲမှ ထမင်းဟောင်းတွေ
ကိုတော့ အလုအယက်
စားကြသည် ....


ကောသွေးတွေက
ကလေး နှစ်ယောက်ကို
လုံးဝ ဂရုမစိုက်တဲ့
ရှုကိုသာ တိုးရင်း ...
အကြီးဆုံး အကောင်က
အရဲကိုးကာ ဝင်အဆွဲ
ဂါ....
ကဲကွာ..
ဂိန်...
ဂိန်...
ချက်ကောင်းဖြစ်သော
နှုတ်သီးကို ညီညီက
ပိုင်ပိုင်နိုင်နိုင် ဂိုက်ပစ်
လိုက်နိုင်သည်မို့
နောက်ခုတ်လှည့်ပြေးချိန်
မှာပင် ဖေဖေက ဒူးလေး
ကို ညှို့တင်ပြီးဖြစ်မို့ .....



သား...ကိုရွှေ:
ငြိမ်ငြိမ်နေ...
ဝှစ်...
ဒူးလေးမှ ရုန်းထွက်သွားသော မြားတံက လေထုကို ဖြတ်ခွင်းကာ ခွေးတစ်ကောင်၏ ဂုတ်အုံထဲ နစ်ဝင်သွား၏....
ဒုတ်...
ဂိန်...
အလုပ်သမားတွေ
ူးလာသော အချိန်
တော့ တောခွေး
ုပ်ကြီး အကျအဆုံး
ား ထိခိုက် ဒဏ်ရာ
ားဖြင့် ဆုတ်၍
က်ပြေးကြတော့၏...


ပေပေက
ကိုတွေးကို ဖက်ရှင်း
ကိုးကိုမ်တကြီး ဖြင့် ....
သား ... ငါ့သားလေး
မင်း ..မင်း ဘာဖြစ်
သွားသေးလဲ ...
ညီညီက တစ်ချက်လေး
တုန့်လှုပ်တုန့် မပြောဘဲ ..
ဘာမှ မဖြစ်ပါဘူး ပေပေ..
တော်သေးတယ် ပန်းသွယ်လေး
မပြန်ခင် ဒီကောင်တွေ ရောက်လာလို့..
ပြန်မှသာ ဆိုရင် သူတို့ ပန်းသွယ်လေး
ကို ဝင်ခွဲကြမှာပဲ ....
သူက
ဒီကို ဘာလာလုပ်
တာလဲ ...
ပေပေ အကြီးအကျယ်
စိတ် ထိခိုက်သွားဟန် ...
ပန်းသွယ်လေးကို
တွေးဖက်ရှင်း ....
ဪ ...
ဖြစ်ရလေကွာ

# ပြိုကွဲမိုးတိမ် အခန်း ( ၄ )


ဗြိုပတ်ဝန်းကျင် တစ်ခုလုံးမှာ
ပြောစရာ အရှိဆုံး ကောင်း
အတ်လမ်း တစ်ပုဒ်မှာတော့
ဦးညီက မော်ကွန်းထိုးလိုက်
ခြင်း ဖြစ်သည် ....
ဒီ ညီအစ်ကို
သုံးယောက်ထဲမှာ ဒီကောင်လေးက
တစ်ဘာသာပဲ ... အကြီးကောင်က
အခွင့်အရေးသမား ... အလတ်ကောင်က
အေးစိုစို ... အငယ်ကောင်ကတော့
တုန်းတိုက်တိုက် ကျားကိုက်ကိုက်
သမားပဲ ....
ကိုပိုင်စွန်း
အားကိုးရမှာက
ဒီ အငယ်ကောင်ပဲ
ကြည့်နေ ...
ဒါပေမဲ့
အချစ်ဆုံးက
အလတ်ကောင် ...



သူ့ကို ဖေဖေက အချစ်ဆုံးဆိုတာ သူတော့ မယုံ ... သူက ပြဿနာကင်းအောင် နေတတ်ခြင်းကြောင့် ဖေဖေ၏ အမျက်ဒေါသမှ ကင်းလွတ်နေခြင်းဟု ပဲ ထင်သည် ... သူ ဆယ်တန်းဖြေသည့် နှစ်မှာ ကိုကိုကြီး အိမ်မှ ထွက်သွားသည် .... ဘယ်သူမှ မသိလိုက် ....
စာတစ်စောင်ကိုတော့ ဖေဖေ့ စားပွဲပေါ်မှာ ထားခဲ့သည် ....
စာထဲမှာ ဘာတွေ ရေးထားသည် မသိ ... စာကို ဖတ်ပြီး ဖေဖေ မျက်ရည်လည်နေသည် ... ထိုနေ့ တစ်နေ့လုံး အိမ်ထဲမှ အပြင်မထွက် ....



သူတို့ကော
ဖြဲ အလုပ်သမား
တွေပဲ
အခြေအနေကို
ရိပ်စားမိကြ၍
ကိုယ့် တာဝန်
ကို ကိုယ်
သေသေဝပ်ဝပ်
ထမ်းဆောင်
ကြသည် ....
နောက် သုံးလေးရက်
လောက်မှာ ကားတစ်စင်း
ခြံထဲကို ရောက်လာ၏...
ကားပေါ်မှ ဆင်းလာသော မေမေ့ကို
သူတို့ တအံ့တဩ ငေးကြည့်ရင်း
ကာလ အတိုင်းအတာ တစ်ခုကြောင့်
ဘယ်လို ဆက်ဆံရမှန်း မသိအောင်
ဖြစ်နေကြ၏ .....
သားလတ်...
သားငလေး...
သူတို့ကို ဖက်၍
မေမေက ငိုသည်...


ဘုကလည်း မေမေ့ကိုဖက်၍ ငိုသည် .... ညီညီကတော့ မေမေ့ ရင်ခွင်ထဲမှ ရုန်း ထွက်၍ ဖေဖေ့ နံဘေးမှာ သွားထိုင်နေ၏ ....
သူ့ အထင်က ဖေဖေ နှင့် မေမေတို့ ပြန်လည် သင့်မြတ် ကြပြီလားပေါ့ ....
တကယ်ကျတော့ ကိုကိုကြီး အိမ်က ထွက်သွားသော သတင်းကြောင့် မေမေ ရောက်လာကာ ဖေဖေနှင့် အချင်းများကြခြင်းသာ .....
ကလေးတွေကို ရှင် တာဝန်ယူနိုင်တယ် ဆိုတာ ဒီ အခြေလား ကိုပိုင်ထွန်း ...
ဘာပဲဖြစ်ဖြစ် မင်းနဲ့ မပတ်သက် ပါဘူး မေသက်..


ကျွန်မရဲ့ ဝမ်းနဲ့ လွယ်မွေးထားရတဲ့ သားရဲ့ ကိစ္စက ကျွန်မနဲ့ မပတ်သက်ဘူးလို့ ရှင် ပြောရက်သလား ...
မင်းနဲ့ ပတ်သက်ရင် ငါ ဘာမဆို ပြောရက်တယ်.. ငါ့အညှာထောက်ထား စာနာစရာ အကြောင်း တစ်ချက်မှ မရှိဘူး... အခု ..မင်းကို ငါ လက်ခံစကား ပြောနေတာတောင် လွန်လှပြီ မင်း ပြန်ရင် ကောင်းမယ်..
စကားကြောင့် မေ ငိုသည် ... မေ့ကို က်စက်လွန်းသူ တစ်ယောက် ဖြစ် သူက ငိုသည် ....
ကျွန်မရဲ့ သားကြီးကို ကျွန်မ ပြန်ရှာပြီး ခေါ်မယ်... ကျွန်မရဲ့ သားတွေကို တောချုံ အုံကြားမှာ အနစ်မွန်း မခံဘူး...


ဟား...ဟား...ဟား...ဒီမှာ မောင်သက်
ပဒ္မကြာနဲ့ စန္ဒကူးနံ့သာကို အမျိုးထိုက်တန်
တဲ့ အရာကို မင်း ကျင်လည်ခဲ့တဲ့ မြို့လယ်ခေါင်
က ထွက်တယ် ထင်သလား ... မင်း ကျင်လည်ခဲ့တ
ပတ်ဝန်းကျင်မှာ မိလ္လာနဲ့ အညစ်အကြေး
အမှိုက်သရိုက်ပဲ ရှိတာကွ ....
မင်း မျက်နှာမှာ ဘယ်လောက်တန်တဲ့ မိတ်ကပ်ပဲ လိမ်းလိမ်း ဘယ်လောက်ကောင်းတဲ့ ရေမွှေးပဲ သုံးသုံး ... ဘယ်လောက်ကောင်းတဲ့ ထိပ်တန်းကျတဲ့ ဖက်ရှင်နဲ့ပဲ ဖုံးဖုံး ... မင်းရဲ့ ကိုယ်လုံးပေါ်က ဖုံးဖိထားသမျှကို ထွင်းဖေါက်ထွက်လာတဲ့ မင်းရဲ့ အတွင်းပိုင်း အပုပ်နံ့ကို ငါကတော့ ရွံတယ်.. နံနေတယ် ... ထွီ ...
အိမ်ဝေကာ ဖေဖေ ထွက် သွားသည် ....
ညီညီလည်း ဖေဖေ့
ပြေးလိုက်သွား၏ ....


သား ... ဒီနှစ် အောင်အောင်မြေ ...
သားကို မေမေ တက္ကသိုလ်ထားပေးမယ် ...
မင်းအဖေကတော့ မင်းတို့ကို သူ့လို မြေကြီးကို
ဖက်ပြီး မြေကြီးပေါ်မှာ ဘဝကို အဆုံးသတ်နိုင်း
မှာပဲ သား ... မင်းတို့ ဒီဘဝက အလွတ်ရုန်းဖို့
ကတော့ ပညာတတ် ဖြစ်အောင်သာ
ကြိုးစားမှ ဖြစ်မယ် ...
သား ... ဒီနှစ်
အောင်မှာပါ
မေမေ ...
သားလာတက
တော်ပြီးသားပါ ...
မေမေ ယုံပါတယ် ...
အကြီးကောင်ကတော့
ပညာ တစ်ပိုင်းတစ်စနဲ့
ဒုက္ခတွေ့နေပြီ ...


သူ့ကို မေမေ
ရှောင်ရှားပြီး ဒေါ်ထားမှာပါ..
သားရဲ့ ဘဝငယ်လေးကိုလည်း
ဂရုစိုက်ပါ သားရယ်...
ညီညီက
သားထက် အများကြီး
သတ္တိရှိပါတယ်
မေမေ...
သူ့ အမေလို
တစောက်ကန်း
မျိုးလား...
မေမေ့ကို
သူ ချစ်တယ်-
မေမေက ပင့်သက်ရှိုက်သည်... သူ့နဖူးကို နမ်း၏..
ပြီးတော့ တစ်ထောင်တန် ငွေစက္ကူ တစ်ထုပ်ကို
နှိုက်ကာ သူ့လက်ထဲ ထည့်ပေးရင်း....
မင်းမေမေ သေပါစေနဲ့..
သားညီလေးနဲ့ လိုတာကိုဘဲ..
လိုရင် မေမေ့ဆီကို လှမ်းမှာ
တတ်လား ..ကဲ .. မေမေ
သွားတော့မယ်...

အခန်း
(    )


မေမေ၏ နှုတ်ခမ်း
လှပသော မျက်နှာကို
သူ မြင်ယောင်နေ
သည်... ပေးခဲ့သော
ငွေ တစ်သိန်း
အကြောင်းလည်း
ဘယ်သူ့ကိုမှ
ထုတ်ဖော်မပြောရဲ..
မေမေ နှင့် ဖေဖေ လမ်းခွဲခဲ့ကြသည်က
ခြောက်နှစ်ကျော်... ပညာတတ်သော
အပေါင်းအသင်းများသော အလှအပကို
ခုံမင်သော ခေတ်ဆန်သော မေမေနှင့်
ပုံးသော စည်းကမ်းကြီးလွန်းသော
ဘာသာရေးတတ်သော ဖေဖေတို့ လမ်းခွဲ
ခဲ့ကြသည်ကို မသိန်းပေါ့ ထင်ပါသည်...
ကြည့်ရတာ
မေမေတော့
အရမ်း ချမ်းသာနေပြီ
ထင်တယ်ကွ ...
ညီညီက သူ့ကို
မှုသိုးသိုး ငေးကြည့်
သည်... ဘာမှတော့
မပြော .....



ခဝယ်တန်း ဆောင်ဂျက် ငါ့ကို တက္ကသိုလ်ထားသေး မယ်တဲ့ ...
ဘဝတစ်ခါမှာတော့ ညီညီက ....
မေမေက ကိုလတ်ကို နိုင်ငံခြားတောင် ပို့ပြီး ထားပေးနိုင်သေးတယ်... ကိုလတ် အတွက် ပညာသင် စရိတ်ကို သီးခြား ဘဏ်မှာ အပ်ထားပြီးသား ...
ဟာ! ..
သူက ဘဝကို ဝင်မထား ခဲ့ပါ ... မေမေ၏ စိုက်ပျိုး မွေးမြူရေး လုပ်ငန်းကိုလည်း အဝင်ကြီးမထားခဲ့ ....
မင်း ပြောတာ တကယ်လား..
မယုံရင် မေမေ့ကို သွား မေးပေါ့ ...


ဟာ !...ဒါ မမေးရဲလို့ပေါ့ ညီညီရ...
ဘာဖြစ်လို့ မမေးရဲစရာ ရှိသလဲ ကျွန်တော်ကတော့ သိချင်က မေးတာပဲ...မဖြေချင်နေ.. ဖြေချင်ဖြေပဲ...
မင်း...အဲဒါကို မေးလို့ သိတာပေါ့ ဟုတ်လား...
မဟုတ်ဘူး... ဦးလေးအောင်ဒင် ပြောစကား... ဖေဖေ ဘဏ်မှာ ငွေပဲထုတ်ထုတ် သွင်းသွင်း ဦးလေးအောင်ဒင် ပိုတာပဲ.. ဒီတော့ သိနေတာပေါ့...မင်းတို့ အဖေက မင်းတို့အတွက် ပညာသင် စရိတ်ကို ဘဏ်မှာ သီးသန့် စာရင်းဖွင့်ပြီး အပ်ထား တာတဲ့....


ဘာပဲဖြစ်ဖြစ်ကွာ ...ငါ တက္ကသိုလ်
တက်ရရင်တော့ မေမေနဲ့ အမြဲတွေ့ရမှာပဲ ...
မင်းသိပါတယ် ငါက ပင်ပင်ပန်းပန်း မလုပ်နိုင်ဘူး..
ဒီမှာလည်း ငါ မပျော်ဘူး ညီညီ..ကြက်တွေ၊ဘဲတွေ၊ဝက်တွေ
နွားတွေမြင်းတွေရဲ့ အနံ့ကို ငါ မုန်းတယ်...
ငါ ဘွဲ့ရရင် ဒီအလုပ်မျိုး
ဘယ်တော့မှ မလုပ်ဘူး ....
မေမေ့လို ကုမ္ပဏီထောင်မယ်
မြို့မှာပဲ နေမယ်...
သူ့ စိတ်ကူးတွေကို သူက
အားရပါးရ ပြောနေသော်
လည်း အနားမှာ ညီညီ
မရှိတော့မှန်း သိတော့
တစ်ကိုယ်တည်း ပြုံးမိ ....



စာမေးပွဲ ပြီးတော့ တစ်ကိုယ်တည်း စာတွေဖတ်ရင်း အပျင်းဖြေရ
တာလည်း ညီးငွေ့... ညီညီကတော့ စာမေးပွဲပြီးတာ စောသလို
ကျောင်းပိတ်တာနဲ့ အိမ်မကပ်... ညီညီ့ကို လိုက်ရှာတော့ တောစပ်မှာ
ပန်းသွယ်ကလေး နှင့်.....
မင်းတို့ ဘာတွေ လုပ်နေကြတာလဲ...
ကြက်တောင်မလို့... ဒီကောင်တွေ ညသူ ကြက်ခြံထဲ ဝင်ပြီး ကြက်ကလေးတွေ ခွဲနေတာ ကြာပြီ ကိုလတ်...
ဘာလဲ... မင်းကို လေလေက လောင်းခိုင်းတာလား..
မဟုတ်ဘူး ကိုယ့် ဘာသာ လုပ်နေတာ...


ဒီလို လည်ညှပ်မျိုးကို
ဝိုက်ခင်းအတွက် ဦးလေးအောင်ဖြင့်
လုပ်တာကို ကြည့်ပြီး မြွေအတွက်
ကျွန်တော့်ဘာသာ ဆင်ခဲ့တာ..
ဝါးဖြင့် လုပ်ထားသော လည်ညှပ်
ထောင်ချောက်ကို သူ တဖော့တစြ
ငုံ့ကြည့်သည်... ညီညီက ဘာပဲ
ဖြစ်ဖြစ် မြင်သည် နှင့် တတ်သည်...
မင်း တော်သားပဲ
ထောင်လို့ ရတာ
မရတာတော့
မသိဘူး...
အဝင်သေးလို့...
လောင်းမလား...
ကြွက် ဂုမရလေ...
ဘာကြေးလဲ
ပြော....
ငါးကျပ်ကြေး...
မင်းမှာ
ရှိလို့လား...


ကိုတွေးကို ကိုလတ်က အထင်သေး လို့ … သူ့မှာ ဖိုက်ခဲ့တွေ အများကြီး သိလား …
ဪ..ဘယ်က ရတာလဲ…
ယုန် ထောင်ပြီး ကျောင်းတာ.. တစ်ကောင်ကို ငါးကျပ်… ပြီးတော့ ချိုးတစ်ကောင် တစ်ကျပ်… မြွေလည်း တစ်ကျပ်ပဲ …အဲ ..ဒီသူ ကြွက်ထောင်လို့ ရရှင် ဦးကြီးအောင်တင့်က ကြွက် တစ်ကောင် ငါးဆယ်ပေးမှာ…
သူ့ အဲ့အားပင် သင့်ရတော ..ညီသမီးက ကြေးစားမုဆိုး ပင် ဖြစ်နေပါကောလား…
ကိုလတ်မှာကော ကောင်းကြေးရှိ ရဲ့လား …


မိမိ ရှုံးတော့မည့် မှန်း သိသော်လည်း အာဝင်လေးတော့ မခံချင် .....
ရှိတာပေါ့ အာဝင်မလေး ပါနဲ့ ...
ကိုလတ် ဘယ်ကရတာ လဲ ...
ဒီ မေးခွန်းကိုတော့ သူ မဖြေနိုင်... ကိုယ်စွမ်းကိုယ်စ မပါဘဲ ပိုင်ဆိုင်ထားသော ငွေ တစ်သိန်း အတွက် သူ့မှာ မာန်မတက်သာသော်လည်း ညီညီက တစ်ထောင်တန် ငါးရာတန် တစ်ရာတန် ငွေစက္ကူ အနွမ်းများကို ဝါးကျည်တောက်ထဲမှ ခပ်ကြွားကြွားထုတ်ပြရင်း...
တွေ့လား ... တစ်သောင်းပြည့်ဖို့ နည်းနည်းပဲ လိုတော့တယ်... ဒီငွေ ထပ်စုရင် ကျွန်တော် လိုချင်တဲ့ လေသေနတ် ဝယ်နိုင်မှာပဲ ...



# အခန်း ၆



ဘာသာ ဂုဏ်ထူးဖြင့် အောင်၍ သူက ပျော်သည်... သို့သီကတော့ သူ့ ကိုယ်ပိုင် ငွေဖြင့် လေသေနတ်တစ်လက် ဝယ်နိုင်သဖြင့် ပျော်သည် ....
ဖေဖေလည်း သူ၏ ထူးချွန်သောအောင်မြင်မှု အတွက် ဂုဏ်ယူ အားတက် နေ၏ ....
ငါ့သားကို ပညာတတ် ဖြစ်လာမယ်လို့ ဖေဖေ မျှော်လင့်ထားပြီးသား .... အငယ်ကောင် အတွက်သာ စိတ်ပူတာ... လေတာတေနဲ့ အကြီးကောင်လို ပညာ တစ်ပိုင်းတစ်စ ဖြစ်သွားမှာ စိုးရိမ်တယ် ....
ကြည့်လိုက်စမ်းပါ ဖေဖေရယ်...သားလည်း ကိုလတ်လို နှစ်ချင်း ပေါက် ရမယ် ...
ပြောသာ ပြောသည် လက်ထဲက လေသေနတ်ကိုတော့ မချ ....


ဒါပေမဲ့ ညီညီ့ကို
သူကတော့ ယုံသည်..
ပြောလျှင်ဖြစ်အောင်
လုပ်တတ်သော
အစွမ်းသတ္တိရှိသည်..
ညီလေးလည်း
အောင်ပြီ ကာ. တို့အတူ
တက္ကသိုလ်တက်ခွင့်
ရတာပေါ့ ...
တင်အင်း
ကျွန်တော်က
တက္ကသိုလ်မတက်
ချင်ဘူး ...
ဘာကွ ...
မေမေ့ ဒေါသသံက
သူ့ကို တုန်လှုပ်သွားစေ
သော်လည်း ညီညီကတော့
ဣန္ဒြေပင် မပျက် ....
သားပါ
တက္ကသိုလ်သွားတက်ရင်
မေမေ့ အနားမှာ ဘယ်သူ
ရှိတော့မှာလဲ ...
သည့် စကားကတော့.
မေမေ့ကိုတော့
သူ့ကိုပါ နှုတ်ဆွဲ.
သွားစေသည် ....



ကျွန်တော် အလေးသင်ပဲ ယူမယ် ဖေဖေ့ အလုပ်တွေကို အချိန်ပြည့် ဝိုင်းကူမယ်... စဉ်းစားပြီးသွားပြီ... ကိုလတ်ပဲ တက္ကသိုလ် သွားတက်... ပြီးတော့...
ဖေဖေက ရယ်ရင်း...
ကျွန်တော့်မို့ က္ကသိုလ်ကျောင်းသူ လေးတစ်ယောက် ပြီး ခေါ်လာခဲ့...
ချွေးကောင်လေး... လူမှု ဖြစ်မယ်မကြံသေးဘူး... မိန်းမကိစ္စက ပြောနေပြီ... ဟား...ဟား...ဟား... ဗရုတ်ကလေး...
သားအဖတွေ ရယ်မောကြသည်နှင့် ရသော သည်လို အချိန်ကလေးက ဘဝတစ်သက်တာ မေ့ပျောက်စရာ မရှိတော့....' ချက်ခြင်း ဖေဖေ့ မျက်နှာ သုန်မှုန်မှိုင်းဝေသွားတော့ သူက နားမလည်နိုင်... ဖေဖေ ထွက်သွားတာကိုပဲ ငေးကျန်ရစ်ကြ၏ ....


တစ်အောင့်လောက် ကြာတော့ ညီညီက သူ့ကို ခေါ်ကာ ....
ဒီမှာ လာကြည့်..
ဘာလဲ ...
ရှူး ... တိုးတိုး ...
မြင်ကွင်းက သူ့ရင်ကို နင့်သွားစေသည် ..... ဖေဖေ .....
ကိုကိုကြီး၏ အင်္ကျီဟောင်း တချို့ကို ထုတ်ကာ ကြည့်ရင်း တိတ်ဆိတ်မလှုပ်မယှက်.. ဖခင်တစ်ယောက် အနေဖြင့် ချစ်ခြင်းမေတ္တာ ကို မိခင်တို့လို မကွယ်မဝှက် သွန်မှောက် မပြသည်ကလွဲ၍ သားသမီး အပေါ်မှာ မလျော့ပါချေ .....




သူ ဂုဏ်ကျက် တက္ကသိုလ်ကို မသွားခင် နေမှာတော့ ညီညီက တောစပ်ကို ခေါ်ကာ သူကိုယ်တိုင် ပစ်ထားသော ချိုးနှင့် ယုန် ကို ကင်၍ ....
အို.. အမှတ်တရ နှုတ်ဆက်ပွဲပဲ ကိုလတ် ...
ညီလေးကို အမြဲ သတိရနေမှာပါကွာ ...
ကျွန်တော်လည်း သတိရ နေမှာပါ ကိုလတ်... မိသွယ် ဝိ ယူလာခိုင်းတာ ပါလား ....
အင်း ... ဒီမှာ ....


ပန်းသွယ် လှမ်းပေးသော အရာက ယွန်း သားရေ ဖြင့် ချုပ်ထားသော အိတ် တစ်လုံး ..
ရော့ ..ဒီ ကျွန်တော် ပစ်ထားတဲ့ ယွန်း သားရေနဲ့ ဦးလေးအောင်ဖွင့် ကို မြို့မှာ အော်ဒါ အပ်ပြီး ချုပ်ခိုင်း ထားတာ ...
ဟာ ... ကောင်းလှချည် လား ....
ကိုလတ် အတွက်လေ ... အမှတ်တရပေါ့ ...
သူ့ အပေါ် ညီညီ ထားရှိသော သံယောဇဉ်ကို သူ တစ်နည်းတစ်နည်း ခံစားရ၏ ... သူ့မှာတော့ ဒီလို စိတ်
မျိုး မရှိ၍ ... ပြန်ပေးရအောင် ဘာမှလည်း စဉ်းစား၍ မရ ....


ကြာသေးမီကမှ ဖေဖေ
ဝယ်ပေးထားသော ရိုးလက်စ်
နာရီကို ဆွတ်ကိုင်၊ ....
ရော့ ...
ဒါကို ညီညီ
ယူထားနော်...
ဟာ... မဟုတ်တာပဲ..
တောမှာ ဒါတွေ မလိုဘူး...
ကိုယ်လတ် တက္ကသိုလ်တက်ရင်
ဝတ်ဖို့ ဖေဖေ ဝယ်ပေးထားတာပဲ
ပြန်ဝတ်ထား သူ့နေရာနဲ့ သူပဲ
ကောင်းတယ် ....
သူ့မှာ ပြန်ဂျူးပေးစရာ အသင့်မရှိသော
ဤရာကို လေးရသောကြောင်း ဖေဖေသိလျှင်
လက်ခံမည် မဟုတ် ဒီနာရီက သူပိုင်
ငွေဖြင့် ဝယ်ထားသည်မှ မဟုတ်ပဲ ....


အဲဒါဆို ရှန်ကြန် ကျောက်မျှ တစ်ခုခု ဝယ်ပို့ ပေးမယ်...
ပန်းသွယ်လေး က ...ဝင်ချ ....
သွယ်လေး အတွက်လည်း မမေ့နဲ့နော်...
အော်... နင့် အတွက် ကုလားကြီး တစ်ယောက် ဝယ်ပေးလိုက်မယ်...
အို... မလိုချင်ပါဘူး...
ဘာဖြစ်လို့ လဲ ဟဲ့...
သွယ်လေးက ကြီးလာရင် ကိုကို့တွေးကိုပဲ ယူမှာ သိလား..
ဟာ.... ဒီ ကောင်မလေးက တော့ကွာ... ဟား.. ဟား..ဟား...
ပန်းသွယ်လေးက ညီညီ့ကို ချစ်တာ... နောက်က တစ်ကောက်ကောက်လိုက်ပြီး နှိုးသေး မသည်းမညည်း ချူပိပေးတာ ဘူ့ အသိခံ...


ပြိုကွဲမိုးတိမ်
အခန်း
(၇)
ဖေဖေ ကိုယ်တိုင် ရန်ကုန်သို့ လိုက်ပို့သည်..
ကျောင်းအပ်သည့်ကိစ္စ အဆောင်နေရေးကိစ္စ စီစဉ်ပေးပြီးသည်နှင့် ဖေဖေ ရန်ကုန်က ချက်ခြင်း ပြန်သွားသည်... မေမေ့ကြောင့် ရန်ကုန်ကို ဖေဖေ မုန်းတီး စိတ်နာနေမှန်း သိသည် ....
ဖေဖေ ပြန်သွားပြီဆိုတော့မှ မေမေ ကားဖြင့် အဆောင်ကို ရောက်လာသည် ....
သားလတ်...
ဟာ... မေမေ.. လာတယ်..
၄၉


ဪ... ညီလတ်...
သူ့ကို လှမ်းနှုတ်ဆက်ရင်း မေမေ့ နောက်မှ ပါလာသူက ကိုကိုကြီး .....
ဟား ... ကိုကြီး ကြည့်စမ်း မှတ်တောင် မမှတ်မိဘူး ...
ဟဲ..ဟဲ..ဒီမှာ စိတ်ချမ်းသာတယ်လေကွာ.. တောမှာလို ကြက်ချေး ဘဲချေးနံ့ လည်း မနံဘူး... နွားချေးလည်း မကြုံးရဘူး.. နေပူထဲလည်း ထွက်စရာမလိုဘူး...ပြီးတော့ ဒီအဲယားကွန်း အခန်းထဲမှာ နှပ်နေရတာကွ ...
သည့်စကားချိုး ကိုကိုကြီး ပြောတာကို တော့ သူ့ စိတ်ထဲက အငေါ်တူးမိ ....
မေမေက ဘာမှ မရိုင်းဘူးပေါ့ ဟုတ်လား ...


ကားမောင်းပို့ပေးရုံပဲလေ.. ဒီတောင် အခါတိုင်း မဟုတ်ပါဘူး... ဟဲ...ဟဲ... ကုမ္ပဏီပိုင်ရှင်သူဌေးမကြီး သားပဲကွာ...မင်းကလည်း... ဟုတ်တယ်နော် မေမေ...
ဟုတ်ပါ့တယ်...ဟုတ်ပါတယ် ကွယ်... ဒီပေမဲ့ အရုပ် သားကို မေမေ ပြောရဦးမယ်...မေမေ့ ရင်ခွင်ထဲကို ပြန်ရောက်လာတာ သား.ကြီး တစ်ယောက်တည်း မဟုတ်တော့ဘူး
ဘာလဲ..မေမေက သားရဲ့ အခွင့်အရေးထဲက ပြီး ဦးလတ်ကို ခွဲပေးမှာလား.... တော့ မရှိဘူးမေမေ ..သပ်သပ်ခွဲပဲ... ဦးလတ်အတွက်က သူ့ဝေစုနဲ့ သူပဲ...


ညီမောင်ကိုရွှင်း
တွန့်တို့စရာလား သားကြီးရယ်...
မေမေကလည်း မင်းလေရဲ့ထဲက နှုတ်မပေးပါဘူး...
စိတ်ချ... ခု မေမေ ပြောမှာက သားလတ်အတွက်
ကျောင်းပို့ကျောင်းကြို့မို့ ကားကိစ္စ ...
ဟား...
ထို အတွက် သူကတော့
ဘ ဇင်မော်ကျော်ပါ... ကိုကိုကြီး
နှင့် သူ ယော်ယော်ကလေး
ကတည်းက ညီညီ နှင့်
ပေါင်းရသလို အစေးမကပ်..
ဒီပေမဲ့ မေမေ့ ကိုတော့
စိတ်မချမ်းမသာ မဖြစ်စေ
လိုဂျ် မငြင်းဆန်ခဲ့....
ယခုမှ ပြန်လာညီနှောင်းကွေး
ရသော မေမေ့ ရင်ခွင်
သူ့ အလေးကရုပြုရမည်
၅၂


ကျောင်း စတက်သည့် နေ့မှာပင် ကိုကိုကြီးက
ကျောင်းဖွင့်ကာစ ဘယ်သူမှ အတန်းမတက်ပါဘူး ကွာ... သွားမနေနဲ့ မင်းကို ငါ ရောက်ဖူးအောင် လိုက်ပြစရာတွေ ရှိတယ်... ဘယ်လိုလဲ...
ဟာ... မဖြစ်ဘူး ကိုကြီး ကိုယ့် အတန်း... ကိုယ့်ဌာန ကိုယ့်ဆရာတော့ သိအောင် လုပ်ထားမှ ဖြစ်မယ်...
တစ်နှစ်လုံး တက်ရမယ့်ဟာ များကွာ...
ဘာဖြစ်ဖြစ် ကျွန်တော်ကို ကျောင်းပဲပို့...
အသုံး မကျတဲ့ကောင် ဟွို ....


သည်မျှ မဟုတ်သေးပါ.. နောက်ပိုင်းမှာလည်း ...
ရေငတ်တယ်ကွာ.. ဘီယာ ဝင်ချကြ ရအောင် ....
ဟာ...ကျွန်တော် မကြိုက်ဘူး ...သောက်လည်း မသောက်ချင်ဘူး ...
မင်း ... ရူးလား..
ဘာမှ မဆိုင်ဘူး ...
တောသားပဲ ... အလကား ငတုံး ...ဘီယာဆိုတာ အရက် မဟုတ်ဘူးကွ ... ရေငတ် ပြေတယ် ... ဆီးရွှင်တယ် ... ဝမ်းသက်တယ် ... ကျန်းမာပြီး ရွှင်လန်းစေတယ် ...
ကျွန်တော် ရေမငတ်ဘူး ...ဆီးမချုပ် ဝမ်းမချုပ်ဘူး ... အမြဲ ကျန်းမာပြီး ရွှင်လန်းတက်ကြွနေတယ် ... ဒီအတွက် ဘီယာမလိုဘူး ...



သည်ခြောက်ပိုင်း ကိုကိုကြီး သူ့ကို ကြိုဖို့ မလှပ်တော့ သူ့ ကျောင်းမို့ရ ကြိုရခြင်းကို အကြောင်းပြရှု ကား တစ်စီးဖြင့် လိုက်နေတာလည်း သူ သိသည် ....
မေမေ့ ကို သူ မပြောချင်... ပြောမိလျှင်လည်း ကိုကိုကြီး နှင့် သူ ပြဿနာတက်ရန် သာ ရှိတော့သည် မို့ ရှောင်နှုတ်ပိတ် နေလိုက်တော့၏...

အခန်း ( ) [redacted]




ရယ်ပါစေ...
တတွေချည်းပဲ ဖတ်နေရင် ငယ်ငယ်လေးနဲ့ မျက်မှန်ထူထူကြီး တပ်နေရမှာပေါ့... ပျော်ပျော်ပါးပါးလည်း နေဦးမှပေါ့ ယူရယ်... တင်ဇာတို့ဆိုရင် အေးအေးပဲ... ပျော်ရမယ်ဆိုလာခဲ့... ဘယ်သွားမလဲ... ချောင်းသာလား... ပဲခူးလား... ငွေဆောင်လား...လိုက်ပြီးကြောင်း..
ကျွန်တော်က ကျောင်းသားပါ..
လေကျွန်းခဲ့ပြီး ပြောမနေနဲ့ တင်ဇာ... နင်ပဲ မောသွားမယ်... ဒီကောင်က ရေဘယ်လောက်ပဲ လောင်းလောင်း အတက်မထွက်တော့တဲ့ သစ်ငုတ်ကြီးကွ..ဟား..ဟား..ဟား..
၅၇


ဘာပြောပြော ဂရုမစိုက်ပါ ... လူ ဆိုတာ ကိုယ့်ဝါသနာ ခံယူချက်နဲ့ ကိုယ်... တစ်မိတည်း တစ်ဝမ်းထဲ ဆင်းသက် ပေမယ့် အကြိုက် စရိုက်ချင်း မတူနိုင်...
ကျွန်တော် စာကျက်ရဦးမယ်... သွားတော့မယ်...
နေဦး...
ဘာကိစ္စ ရှိသေးလို့လဲ...
မိုက်ကို တစ်ခေါင်းလောက် ခဏလှည့်ပါဦးကွာ... ရေ ဖြတ်သွားလို့.... ဟဲ.. ဟဲ.. ဖြန်လေးမှာ
သည်လို အကြိမ်ပေါင်းက မနည်းတော့... ပေးလိုက်တိုင်းလည်း ကြာအောက်ရေပမာ...



ကျောင်းပိတ်ရက်
မပြန်ပါ ...
သား ...
ဖေဖေ ...
ဖေဖေက ပညာရေး အတွက် ဘယ်တော့မှ မကန့်ကွက်ခဲ့ပါ ...
ကောင်းတာပေါ့ သားရယ် ... တက်ကွ ... မင်းတို့ ခေတ်က ပညာခေတ် .. တတ်သင့်တာကို သင်ထားရမယ် ... ဒါပေမဲ့ မတတ်သင့်တာတော့ မသင်မိစေနဲ့ ...
သား ... နားလည်ပါတယ် ဖေဖေ ... အဲ့ မတက်သင့်တာတွေက သားကို ဘယ်တော့မှ မဆွဲခေါ်နိုင်ပါဘူး ...


အကောင်းအဆိုးကို ခွဲခြား သိမြင်တတ်တာဟာ သူတော်ကောင်းပဲ သား ... မေမေ ဝမ်းသာပါတယ် ... မင်းရဲ့ ညီလေးလည်း ဒီနှစ် အောင်မှာပါ ... ဒီကောင်က လူ တစ်မျိုးပဲကွာ ... သူ့ကို ဘာလုပ်ပါ .. ဘာဖြစ်မယ် ဆိုတဲ့ ပုံစံမျိုး ချပေးလို့ မရဘူး ...
သူ လုပ်ချင်တာ ဖြစ်ချင်တာကိုတော့ မဖြစ်ဖြစ်အောင်လုပ်တာပဲ.. မခက်ဘူးလား ...
သားကတော့ ညီညီ့ စိတ်ဓါတ်ကို ကြိုက်တယ် မေမေ.. ညီညီ့ကို သား ချစ်တ လည်း ဒီ့ပဲ..အထင်လ ကြီးတယ် ....
မေမေက သူ့ကို ဟိုတုန်းကလို သဘောမထားတော့ဘဲ မိသားစု ကိစ္စတွေကို တိုင်ပင်ဆွေးနွေးလာ ဝမ်းသာမိ၏ ...မေမေ့ အတွက် ပြဿနာ တစ်ခုခုကို သမာသမတ် ကျကျ စဉ်းစားပေးဖို့လည်း သူ ကြိုးစား၏ ....



အလေးမှာ ဗိုနေလင်းကစား
ဖေမေ့ ၏ လုပ်ငန်းနှင့်
ပတ်သက်၍ အကျိုးဖြစ်ထွန်း
စေမည့် အကြံဉာဏ်
စိတ်ကူးသစ် အထောက်အကူ
သစ်များ ရှာဖွေတွေ့ လျှင်
တွေ့သလို ပေးပို့ခဲ့၏ ....
သူ၏ ဒုတိယနှစ် တက္ကသိုလ်
ကျောင်းသားဘဝမှာတော့
အပြောင်းအလွဲ အကွေ့ကလေး
တစ်ခု ကြုံလာခဲ့၏ ....
အဲဒီနေ့က မေမေ့၏
ကုမ္ပဏီရုံးကို သူ
မဖြစ်မနေ သွားရခြင်း
မှ စ၏ ....
ဟော ..သားလတ်
ကျားသားမိုးကြီး
ရောက်ခါချင်းပေါ့...
အရေးကြီးတဲ့
အကူအညီ တစ်ခု
မေမေ့ ဆီကတောင်း
ချင်လို့ ...
အမယ်လေး
ကြီးကျယ်လိုက်တာ ...
ပါဦး ... ပြီးမှပြော ...
မီးရေ ... မိုးပြည့် ... သား
တွက် ပရက်ဂျီတာထဲက
အချိုရည် ယူခဲ့ပေး
ပါဦး ....


နှိုးပြည့်ပြည့် ဆိုသော မေမေ့၏ အကူစာရေးမ လေးကို သူ စတင်တွေ့ခဲ့ဖူး ခြင်း ဖြစ်သည်..
ဘယ်လောက် လှသော အမျိုးသမီးကိုမှ တစ်ကြိမ်ထက် ပို၍ မကြည့်ဖူး သော သူ...
နှိုးပြည့်ပြည့်ကိုတော့ အကြိမ်ပေါင်းများစွာ နှိုးကြည့်မိခဲ့လေ
မေမေ့ထံ လာရင်း ဖြစ်သော ကိုယ်ပိုင် ကွန်ပျူတာ ဝယ်ယူ တပ်ဆင်နိုင်ရေးကိစ္စ ကိုပင်လျှင် မေ့ချင်ချင် မို့ ပြန်ခါနီးမှ တွန်းတွန်း ထိုးထိုး ပြောခဲ့ရတော့၏..



အခန်း
( ၉ )
ညီညီ စာမေးပွဲအောင်သည်ဆိုသော သတင်းကြောင့် သူ့ အကြီးအကျယ် ပျော်ရွှင်ခဲ့ရသည်...သူ့ထက်ပင် အမှတ်ကောင်းသောကြောင့် ....
တကယ်ဆိုရင် သူ ဆေးသိပ္ပံတက်ချင်တောင် တက်နိုင်တယ် မေမေ ခက်တာက သူက အဲဒီလို အိပဲ... သိပ် ပြောရခက်တယ် ...
မေမေက မဲ့ပြုံးတစ်ချက်ပြုံးရင်း..
သူ့ အဖေရဲ့ သွေးစစ်စစ်ပေါ့ ... ဒီ သူ့ဘာသာ ရွေးချယ်ရမယ့် ကိစ္စပဲ သား ... မေမေကတော့ ကျောကသားလည်း သား ... ရင်ကသားလည်း သားပဲ ...
မေမေတို့ တိုက်တွန်းခဲ့တယ်..


မင်း အမေက
အနီးဆုံး တာဝန်အရှိဆုံး
ပဲလေ… သူနဲ့ မေမေ
အောက်တစ်ကြိမ် ထပ်ပြီး
မျက်နှာချင်း ဆိုင်ဖို့
အစီအစဉ် မရှိဘူး…
မဟုတ်တာပဲ..
ဒီ.. ညီညီ့
အတွက်ပါ…
မေမေ့ကို သူက စိတ်အားထက်သန်စွာ
တိုက်တွန်းခဲ့သော်လည်း မေမေက ေ၀ါင်းကို
သာ တွင်တွင်ခါရင်း သက်ပြင်းချ၏ …
ဟင်း …သားကို
မေမေ အားပေးမှ
ဖြစ်တော့မယ်…
အကိုလဲ
မေမေ …
မေမေ
လက်ဝယ်
ရိုက်ပြီ..


အကြီးအကျယ် တုန်လှုပ်သွားရှာသည်...
လေးဆယ့်ငါး ငါးဆယ် ချိုးနေပြီ
ဖြစ်သော မေမေ နောက်အိမ်ထောင်
ပြုသည်ကို သူ လက်မခံနိုင်....
သူ့ကို လက်ထပ်သင့် မသင့်
မေမေ စဉ်းစားခဲ့တာ သုံးနှစ်ကျော်ပဲ သား...
သူဟာ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်သလို
မေမေ့ ဘဝအတွက် အကာအကွယ်ကောင်း
လည်း ဖြစ်ခဲ့တယ်...
တော်ပါတော့
သား ဘာမှ မသိချင်
တော့ဘူး မေမေ...
ဘယ်တုန်းကမှ မေမေ့
စကားကို ကန့်ကွက်
တားမြစ် မပြုဘူးသောသူ



ဝေဝေ၏ အိမ်ကို ယုဉ်းကောင်း ဂုံကို လည်းကောင်း သူ မသွားတော့ ... ပြောစရာရှိလျှင် မေမေ၏ PA မိုးပြည့်ပြည့်မှ တဆင့် ဖုန်းဖြင့်သာ ပြောရင်း ...
ကိုလတ် MD,က တွေ့ချင် နေတယ် ...
ကျွန်တော် မအားဘူးလို့သာ ပြောပေးပါမိုး ..
MD, အခေါ်မှာ ကိုလတ် ဒီထက် နားလည်သင့်တယ် ... သောကြီးနော် ... တကယ်က မိုး အနေနဲ့ အဲဒီလောက်ထိ မစွက်ဖက်သင့်ဘူး ...
ရပါတယ် မိုး ... မိုးရဲ့ စေတနာကို ကျွန်တော် နားလည်ပါတယ် ...


မိုးနှင်း သူ၏ ရင်းနှီးမှုက
မှုန်း ဆက်သွယ်ကြိုး၌
တသင့် လှူချင်းတွေ့ဆုံ
ခဲ့ကြသည် အခါတိ
ကျယ်ပြန့်လာခဲ့သည်...
ပုံ ဖိတ်ရက်
ကျောင်းပိတ်ရက်တိုင်း
ဆုံဖြစ်ခဲ့ကြသည်....
သူ့အတွက် တစ်ကြိမ်တစ်ခါမျှ
တို့ထိပြုံးစမ်းမကြည့်ဖူးသော
အချစ်ဝေဒနာကို မိုးနှင်း
နီးကပ်စွာ ရင်းနှီးခွင့်ရလေသော
ခံစားရလေလဲ.....
ထိုတိုင် သူ့နှုတ်မှ
ဖွင့်ပြောဖို့သာရှိသော
ချစ်ခွင့်ပန် စကားကို
မဆိုဝံ့ခဲ့...အကြိမ်ကြိမ်
ပြောဖို့ ကြိုးစားတိုင်း...


မိုးကို ကျွန်တော် ... တို့ ...
တို့ ... အဲ ... နောက်ဖာပတ် ပိတ်ရက်ကျရင် ရေလည်ဘုရားကို လိုက်မလား လို့ ... မေးတို့ ...
အမယ်လေးနော် ဘုရားမှူး လိုက်ဖို့ ပြောဖို့ တစ်နေ့ လို့ ... အဟင်း ..
ဘာပြောမှာလဲ ... တို့ .. ဆိုတော့ မိုးက ဘယ်ကို ကြည့်ရမှန်းမသိ လျှောက်ကြည့်နေပါတော ခစ် .. ခစ် ... ခစ် ...
သူ့မှာ မျိုးသိပ်ရသော စေ့ မချိတကို ရောကာရယ်ခဲ့ရပါသ မိမိ၏ သွေးကြောင်မှုကြောင့် မိုးကို တစ်ဦး တစ်ယောက်က သွေးတောင် သိမ်းပိုက်သွားမှာကို စိုးရိမ်သောက မကင်းနိုင် ....



ညီညီက အဝေးသင်တက်ခွင့် လာတင်တော့ သူ့မှာ ပျော်လိုက်သည့်ဖြစ်ခြင်း... နှစ်, နှစ်လောက်အတွင်းမှာ အံ့အားသင့်မကုန်ကောင်းအောင် ထွားကြိုင်းသန်မာလာသော ညီညီ့ကို ဖက်ရင်း...
ညီညီက ဒဂ္ဂါဂိုထဲက တကယ့် စစ်သူရဲကောင်းကြီး လိုပဲ...
အရင်ကလို အပြုံး အရယ် အပြောင် အပျက် မရှိတော့ပဲ လူကြီးဆန်လွန်းနေသော ညီညီက....
ပင်ပန်းတယ် ကိုလတ်... မေမေ့ကို သနားတယ်...မေမေ သက်သာခွင့်ရဖို့ ကျွန်တော်ကြိုးစားရတယ်... ဒီနှစ် စီးပွါးရေး အခြေအနေ မကောင်းဘူး... ကြက်တွေ ဘဲတွေ ရောဂါဝင်ပြီး ခွက်ခွက်လန်အောင် ရှုံးတယ်...


နိုင်ငံခြားမှာ နွားရူးရောဂါတွေ ဖြစ်တယ်ဆိုတော့ ခြံက နွားတွေအတွက် မျက်စုံးလျှပ်ရှုသေးတယ်... မိုက်ခင်းကွဲဆိုရင် ပိုးကျကုန်တယ်... ဖေဖေ အတော်လေး စိတ်ဓါတ်ကျသွားတယ်... အဲဒီ အခြေအနေကို လွန်မြောက်ဖို့ ကျွန်တော် ဒီနှစ် တစ်နှစ်လုံး အားစိုက်ရမှာပဲ ....
ညီညီ့ စကားတွေက သူ့အ ရှက်တတ်ရင် ရှက်စရာ ဖေဖေ ဒုက္ခ တကယ် ရင်ဆိုင်ရချိန်မှာ သူလည်း သားတစ်ယောက်အနေဖြ ကိုယ်ဝိ လက်ရောက် ပါ ကူညီသင့်သည်သာ....
ခုတော့ သူက မြို့ပေါ်မှာ တော်ကောင်းစားလျှပ် နေရောင်မျှပင် အထိမခံပဲ ပိုးမင်းသားလုပ်နေ သလို မဟုတ်ပါလား .....

အခန်း ( ၁၀ )


...မ နောက်အိမ်ထောင် လိုက်သည့်ကိစ္စကို ...သို့ကို ပြောပါလော့. ...လို ညီညီက တစ်ခုံတစ်ရာ ...ားတာနဲ့ မပြောဘဲ .....
အင်း... ကောင်းပါတယ်လေ ... မေမေ နဲ့က ဘယ်လိုမှ ပြန်ပြီးနီးစပ်ဖို့ အလားအလာ မရှိတော့တာပဲ ... ခုလို ကိုယ့်အတွက်ကိုယ် သီးခြားလုပ်ရာရှိတာ လုပ်တာပဲလေ .. ကောင်းပါတယ် ...
သူကတော့ ဘဝင်မကျ...
ဒီ့အတွက် ညီညီ ဘယ်လိုမှ မခံစားရဘူးလား..
ဘာကို ခံစားရမှာလဲ ကိုကို ...


လူ ဆိုတာ ကိုယ့် ဘဝကို ကိုယ် လွတ်လွတ်လပ်လပ် စီမံခွင့် ရှိတာပဲ…အနှောင်အဖွဲ့ ဆိုတာ နေရာတိုင်းမှာ ထည့် မစဉ်းစားသင့်ဘူး..
ငါ့ ညီက မြင့်လှချည်လား ဒဿနတွေ ဘာတွေ ထုတ်နေပါကောလား
ညီက အတွေးအခေါ်သမား မဟုတ်ပါဘူး ကိုလတ်ရယ်…လက်တွေ့ သမားပါ…ဒါပေမဲ့ စဉ်းစားတွေးခေါ်တာ လူ့ရဲ့ သဘာဝပေး အစွမ်းတစ်ခုပဲ.. မဟုတ်လား…အနည်းအကျဉ်းပေါ့..
ညီညီ ရောက်နေသည် ဆိုသော သတင်းကြောင့် မေမေ ရောက်လာတော့ မေမေ့ကို သူလည်း မရှောင်သာတော့ ….
မေမေ့ သားတွေတော့ လူကြီးတွေ ဖြစ်ကုန်ပြီပဲ..



တို့ရဲ့ ခံစားမှုတို့
မေ ကိုယ်တိုင်လည်း
လည်ပါသည် ...
မှ လက်ထပ်ထားသူ
ကိုယ် ပေါ်မလာခဲ့ ...
သားတို့ကို ဒီည မေမေက ညစာ ပွဲနဲ့ ဧည့်ခံမယ်... တို့ းအမိတွေ လူစုံတက်စုံ လွတ်လွတ်လပ်လပ် ပွဲပေါ့ ...
ကိုကိုကြီး ကောလား..
အင်း... လေးပါ ပါမယ်လေ..
မေက သူ့ကို မည်သာ မျက်လွှာ ကြည့်သေး၏ .... နှင့် မိုးပြည့်တို့ မှုကို မေမေ နေသည်မှာ ချာသည် ....
မိုးလေး ဆိုတာ ဘယ်သူလဲ ကိုလတ် ...


အကောင်းစား ဟိုတယ်ကြီးမှာ ညစာ စားကြရမှာဆိုတော့ ....
မေမေ့ရဲ့ ကိုယ်ရေးအရာရှိ ဆိုပါတော့ကွာ.. ညကျ မင်းတွေ့ရမှာပါ...
ဪ... ဪ...
ညီညီ .. မင်းမှာ အဝတ်အစားကောင်းကောင်း မပါလျှင် ငါ့ ဆီက ယူဝတ်ပေါ့ ..
မလိုပါဘူးဗျာ... မိသားစု ထမင်းစားကြမှာပဲ... ပြီးတော့ ကိုလတ်တို့ အဝတ်အစား တွေကို ကျွန်တော် ဝတ်ရမှာ မလွတ်လပ်သလိုပဲ..ဒီတာနဲ့ဘဲ သွားမယ် နေပါစေ...
မင်းကတော့ ကွာ ....


ဟာ...
ကိုကိုကြီး ... ဗိုလ်လှချည်လား..
အေးကွာ.. နေမကောင်းဘူး.. အစာအိမ်ထင်တာပဲ..
ဆေးခန်း မပြဘူးလား...,
မင်းတို့ အစ်ကိုကြီးက ဆေးခန်း ဆိုရင် တစ္ဆေသရဲထက် ကြောက်တာလေ..ဘယ်လိုမှ ဆေးခန်းပြဖို့ ပြောလို့ မရဘူး ....


မပေါ့နဲ့ ကိုကြီး ... ရောဂါသိမှ ဆေးရှိတာ...
ငါ့ဆေးနဲ့ငါ ရှိပါတယ်ကွာ.. ဟဲ...ဟဲ...
မေမေ့ ရှေ့မှာပင် ကိုကိုကြီးက အရက်ပြင်းတွေကို အဟန့်အတားမဲ့ သောက်နေသည်ကို စိတ်ပျက်ဖွယ်... ခေတ်ဆန်သော မေမေက ခွင့်ပြုထားသည်ပဲလေ.. သူတို့ကိုတောင်....
သားတို့ သောက်ချင်တာ မှာကြ.. လွတ်လွတ်လပ်လပ်ပေါ့..
ရတယ်... ကျွန်တော်တို့က အစားပဲ...


ားလုံးက ဖွန်း
ကိုင်းကိုသာ
ထုံးပြု စားကြ
တ်လည်း ညီညီက
ကာ. လက်ကိုသာ
သုံးချင် ....
ဒါမှ
အားရတာ...
မိုးက ကျိတ်၍
ပြုံးသည် ...
ဗိုက်တယ်ဝနဲ့ဝဝမ်း
ကလေးတွေလည်း
ပြုံးကြ၏ ...
ညီညီ့ကို ကြည့်၍
သူက ရှက်မိ
သော်လည်း ...
လုံးတ
တကာန်း ဆိတ်
ကန်း စားသမျှ
သမျှတွေကို
ညီက ပြောင်
လင်းခါအောင်
ပစ်ရင်း ...
ကောင်းတယ်...
အရမ်းကောင်းတယ်..


စိုး၏ ပန်းကန်ထဲကို
ထမင်း ဟင်းတွေ
အတင်းထည့်ပေး၏...
အို.. ကျွန်မက
နည်းနည်းပဲစား
တတ်တာ...
ဘာလဲ
ခင်ဗျားကို ယူမယ့်
ယောကျ်ား သက်သာ
အောင် လို့လား...
အိုး...
ဟား... ဟား... ဟား... ရှက်စရာ မဟုတ်ပါဘူးဗျာ... ကျွန်တော်တို့က
တော့ စားစရာရှိ ဝအောင်စား... လုပ်စရာရှိလည်း မဒိုမကပ်လုပ်ရတဲ့ ဘဝသဘော
ဆိုတော့ တန်ဖိုးဆောင်ရတာကိုပဲ ရှက်တာဗျ... ဟား... ဟား... ဟား...

# ပျိုးတိုင်ခိုင်

အခန်း ( ၁၁ )



တစ်ပတ်သယ်ဂုက်ရှုသော အနေကြာခဲ့သော ညီညီနှင့် မိုးပြည့်ပြည့်တို့၏ ဂုဏ်နှီးမှုကို အမှမင်ရှုင် အံ့ဩရသည်....
ကြုံရှင် ကျွန်တော်တို့ဆီကို အလည်လိုက်ခဲ့စမ်းပါ မမိုးရှယ်....
ဘာလဲ ကိုညီက ပုန်း နေမှာလား..
အင်း...ဆောင့်ခဲ့စရာ ကိုယ်ပိုင်ငွေ တစ်ပြားမှ မရှိတာ...ဟား..ဟား..
ကိုညီကလော.. လေ.. ကြည့်နေ.. လာလည်ဖြစ်အောင်ကို လာခဲ့ဦးမှာ...



လာခဲ့...လာခဲ့.. မဂ္ဂိုဂင် လောလိုက်ပြီး ကျွေးမယ် မပူနဲ့..
အို...ကိုညီက မုသိုးကြီးလား..
မြိုင်ဂျာဂဇာထွက်ပြီလေ.. ဟဲ.. ဟဲ.. မျိုးတင့်ဆွေ ဆောင်းဘီဆောင် ဒီရောက်မှ ရှာတယ် ရတာ ....
အဟင်း... ဟင်း..ဟင်း...
ညီညီ့ကို သူ အကဲခတ်မိသည်... ကျောက်စကထက် ရွှင်နေသည်... မိုးပြည့်လည်း သူနှင့်ခက်သံ သလို ဟိတ်ဟန်မပါ.. ကူရှိ သမ္မတ္တိတွေလည်း! မတွေ့ရ...


ကိုညီက
ဂျင်းဘောင်းဘီတို့ တီရှပ်တို့
ကြိုက်တယ်ဆိုလို့ မရိုမဲ့ ရှိမဲ့
လစာရငွေက ထုတ်ပြီး
လက်ဆောင်ဝယ်လာ
ပို့ပေးတာ ...
အားပါး ...
ကောင်းလှချည်လား ..
ဝတ်ရမှာ အားနာစရာ
ကြီး ဒီ တစ်စုံထဲ
ပဲလား ...
အမယ်လေး
နောက်တစ်စုံ ဆိုရင်
ရုံးတက်ဖို့ ထမင်းချိုင့်ပါ
ပေါင်ရမှာ
ကိုယ့်လူရေ ...
ပြောလိုက် ဂုယ်လိုက်ကြ ... သူ့မှာတော့
နဘေးက လေးရှင်းသာ ... ဝန်တိုစရာ
မရှိဟု ထင်ပါသည် ... သူ့အဖို့က
မေမေ့ကို အားကိုးရုံမှ အပ အခြား
နည်းလမ်း မရှိတော့ .....


ညီညီ ပြန်သွားပြီး
နောက်တစ်နေ့ မှာပင်
ရှောင်လွှဲနေရှာသော
မေမေ့ကို သူ သွား၍
တွေ့သည် ....
သူ လုံးဝ မတွေ့ချင်သော
မေမေ့၏ ယောက်ျားကြီး
ဆုံရသည့် အတွက် စိတ်
အနှောင့်အယှက် ဖြစ်မိသ
သားရဲ့ မျက်နှာအသွင်အ
ကို အကဲခတ်နားလည်
နိုင်သော မေမေက ....
ကဲ ... လာ ..
သား မေမေ နဲ့
အပြင်ကို လိုက်ခဲ့ ..
သားအမိ နှစ်ယောက်
အပြင်ရောက်တော့မှ
မေမေ့ကို
သား ပွင့်ပြောစရာ
ရှိလို့ ....



မေမေလည်း သားကို အရေးတကြီး ပြောစရာ ရှိတယ်..
မေမေ့ မျက်နှာကို သူ အကဲခတ် ကြည့်မိသည်... တစ်စုံတစ်ရာ စိတ်ထိခိုက် စရာ ကြုံနေရပုံ တူ၏...
ကဲ... သား ပြောစရာ ရှိတာ ပြော...
မေမေ ပြောစရာရှိတာ အရင်ပြောပါ... သားက ဒီလောက် အရေးမကြီး ပါဘူး...
ကြံ့နံရံကို မေမေ ကျောမှီပြီး ကောင်းကင် ကို မော့ကြည့်၏... မေမေ့ မျက်ဝန်းမှာ မျက်ရည် ဝဲလည် လာတာ သူ သတိထား မိသွားသည်....


မေမေ မျက်ရည်ကျနေတယ် ဟုတ်လား...
သည်တော့မှပင် သိမ်းသည်းဖို့ ကြိုးစားနေသော မေမေ့၏ မျက်ရည်တွေက ပါးပြင် ထက်သို့ လိမ့်ဆင်းကျ တော့၏ ....
ဟုတ်တယ် သား ... မေမေ ငိုနေတာ...
ဘာ ... ဘာတွေ ဖြစ်နေပြီလဲ မေမေရယ်...
မင်းရဲ့ ကိုကိုကြီး...
ဗျာ ... ကိုကိုကြီး.. ဟုတ်လား...


ဟုတ်တယ်သား... မင်းရဲ့ ကိုကိုကြီး အခု ဆေးရုံပေါ်မှာ ...
ဗျာ... ဘာ.. ဘာဖြစ်တာလဲ သူ...
ဒီနေ့ ညနေ သေချာတဲ့ အဖြေရမယ် သား... သင်္ကာနဲ့တွေ ဝေါင်းဝံ့ တပ်ထားတာကတော့ အိပ်ချ်-အိုင်-ဗွီ ...
ဟာ!
ကြားရသော စကားလုံးတွေက ရောမ လှိုင်းလုံးကြီး တစ်လုံး ဝင်ဆောင့် ပစ်သလို မျိုး ခံစားရသည် ....




သူ သော့ဖြစ်ကော့ပဲ... မေမေ့ကို သူ ပြောရန် စကားများလည်း ပျောက်ဆုံးသွားခဲ့ရပြီ... ဒီကိစ္စကို ဘာကြောင့် ကိုကိုကြီး ဖုံးကွယ်ခဲ့ရသနည်း ... အစအဆုံး ကျောက်ကို အကြောင်းပြပြီး အရက်တွေချည်း ဖိသောက်နေတာ မြင်ကတည်းက ယုတ္တိမတန်တာကို သူတို့ အကဲခတ်မိသင့်သည်ပဲ မဟုတ်ပါလား .....

# ပြာလွင့်တိမ်

အခန်း ( ၅ )




က်ကွဲ ပြကွက် တစ်ခုကို
ဟုံတညီ ကြည့်လိုက်
ဆုံပမာ ... ဆင်ကြီး
ပ်ကောင်ကို ကြွက်ကလေး
ပ်အောင် မှော်ပညာဖြင့်
ုတီးပြသည်သို့ ....
နီမ့်ချင့်ခွက်ကျနေသော
မျက်တွင်းနက်နက်ထဲမှ
ဆီခန်းမီးတောက်ပမာ
မျက်ဝန်းကလေးပွင့်လာ၏..
ကိုကြီး ...
ညီလတ်...မင်း...မင်း..
ငါ့ဆီကို ဘာလာလုပ်တာလဲ...
မလာနဲ့ ... ငါ့ဆီကို...ဘယ်သူမှ
မလာကြနဲ့ ....
ကိုကိုကြီးကို သူ အားပေးလျှင်သည်...
နွေးထွေး နှစ်သိမ့် စေလိုသည်....
ထို့ကြောင့်ပင်လျှင် လက်ချောင်းများကို
အုပ်ကိုင်လိုက်ချိန်မှာတော့ .....


မကိုင်နဲ့ ငါ့ကို မယိမ်းနဲ့ … သွား… မင်းသွားတော့
သူ့ စိတ်ထိခိုက်ရသည် … သည်ကျောက်က အသားချင်းထိ ပုံဖြင့် မကူးစက်နိုင်သည်ကို မသိ … သူ့ ကျောက်ပိုးများ တခြားသူ့ကို မကူးစက်စေလို သော စိတ်ကောင်းကလေးသာ ရှိ၏ … နောက်ဆုံးမှာတော့ စကားတစ်ခွန်းကို ကိုကိုကြီး ပြောလာ၏ …..
ငါ … မေမေ့ကို အရမ်းတွေ့ချင်တာ ပဲကွာ …
မေမေ့ကို အကြောင်းကြား ပေးပါကွာ … မေမေ ငါ့ကို စိတ်နာနေမှာပဲ … ငါ… ငါ.. မသေခင် မေမေ့ကို တောင်းပန်ချင်တယ် …ကန်တော့ သွားချင်တယ် ….
သူ့ ခေါင်းကိုသာ ညိတ်ပြရင်း မျက်နှာကို လွှဲ ထားမိ၏ ….


…က်တစ်နေ့မှာတော့ …ယ့်ထံ သူ ဖုန်းဆက် …ကြောင်းကြားသည် … …မေ့ ၏ အဝန်းအဝိုင်းမှာမို့ …ပေ လာမည် မလာမည် …ကာ တပ်အပ်မပြောနိုင်ပဲ..
မေမေကလည်း သူ့ သားကြီး၏ သတင်းကို ကြားပြီး နောက် စကားတစ်ခွန်း မျှ တုန့်ပြန်မပြော တော့ဘဲ ဖုန်းကို ချသွား၏ ....
မင်း အမေ ဘာပြောသလဲ..
မေမေ့၏ မေးခွန်းကို သူလည်း ဖြေစရာ မရှိခဲ့...မေမေ့ မျက်နှာပေါ်မှာ နာကြည်းရိပ် သန်းလာကာ .....
သူ့မှာ လူ့စိတ်မှ ရှိတော့ရဲ့လား.... အမေ တစ်ယောက် အနေနဲ့ သူ့မှာ ထားအပ်တဲ့ မေတ္တာစိတ် မရှိတော့အောင်ပဲလား...


ဤက မေမေ့၏ စွပ်စွဲချက် သက်သက်သာ ဖြစ်၏... ထို့နေ့မှာပင် လေးလေး ရောက်လာခဲ့သည်ကို သူတို့ တအံ့တဩတွေ့ရသည်... ကိုကိုကြီး ကို တွေ့သည်နှင့် လေးလေး အကြီးအကျယ် တုန်လှုပ်ခံစားသွားရဟန် တူသော်လည်း
သားကြီး ဘာမှ အားမငယ်နဲ့ မင်း လေးလေးနဲ့ ပြန်လိုက်ခဲ့...လိုက်မှာလား...
ကျွန်... ကျွန်တော်...
ဘာမှပြောမနေနဲ့... လေးလေး သိတယ်... လေးလေး ရှိတယ်လို့ မင်း သိထားလိုက်...
ကိုကိုကြီးကို နယ်သို့ ပြန်ခေါ်မည် ဆိုသည့်အတွက် မေမေက ကန့်ကွက်လာ၏....
ဒီမှာ သူ့ကို အချိန်တိုင်း စောင့်ကြည့်ပြီး ပြုစုကုသပေးမယ့် ပညာရှင်တွေ ခေတ်မီ ဆေးဝါးကိရိယာတွေ ရှိတယ်.... ကျွန်မ သားကို နောက်ဆုံးအချိန်ထိ ကျွန်မ ကုမယ်.... ဘယ်လောက် ကုန်ကုန် ကုမယ်.....


ဝေက တစ်ခွန်း
ပဲ ပြောသည် ...
ဒါ သုံးမကျတဲ့
ပါးစပ်ကို ပိတ်
ထားလိုက် ...
ချက်ခြင်း ကိုကိုကြီးကို ဆေးရုံမှ ဆင်းခွင့်တောင်းသည် ....တာဝန်ကျ
ဆရာဝန်ကြီးများနှင့် အချိန်ယူ ဆွေးနွေးသည် ... ဆရာဝန်ကြီးတွေ
ကိုယ်တိုင်က မေမေ့ကို ဖွင့်ဟတိုက်တွန်းသည် .....
ကိုမိုင်တွန်နဲ့
သူ့ကို ထည့်လိုက်တာ
အမှန်ကန်ဆုံးပါ
ပေါ့မေသက် ..
မေမေ ငိုသည် ...ဖေဖေက
လုံးဝ ဂရုမစိုက် ... လှည့်
ရှုမြင် မကြည့် ....


ကိုကိုကြီးကို ကားပေါ် တင်ပြီး နောက်မှာတော့ သူ့ကို မေမေက ...
ဒီကောင်ကို ကာကွယ်တဲ့ ဘယ် ခေတ်မီဆေးတိုးပဲဖြစ်ဖြစ် အထင်မကြီးနဲ့ ငါ့သား...အကောင်း ကာကွယ်ဆေးကို မင်းသိဖို့ ငါ ပြောခဲ့မယ်....
မေမေက မသိမသာ ငဲ့ကြည့်သည် .... မေမေက မဲ့ပြုံးတစ်ချက်ကို တမင် ပြုံးလိုက်သလို ....
အဲဒီ ဆေးက ကိုယ်ကျင့်တရားပဲ...
ကိုယ်ကျင့်တရား ခိုင်မြဲပြီး လောဘရမက် အားကြီးသူတွေအတွက် အကာခတ် လိုက်တဲ့ ကျိန်စာပဲ... ငါ့သား ကိုယ်ကျင့် တည်ကြည်ပါ... လောဘရမက်ကို ထိန်းသိမ်း ပါ.... ဒီကောဂါ လုံးဝ ကျရောက် စွဲကပ်စရာ အကြောင်းမရှိတော့ဘူး... ငါ့ သားကြီး ... မင်းတို့ အစ်ကိုကြီးကို အဲဒီ ပတ်ဝန်းကျင် သို့ကြီးက ခေါ်ပြီး သတ်ဖြတ်ခဲ့ လိုက်ပုံတောကွ ...မှတ်ထား...

# ပြိုကွဲမိုးတိမ်

အခန်း (၁၃)



မေမေ၏ အပြောင်းအလွဲက သိသိသာသာကြီး ဖြစ်သည်… မိတ်ကပ် ပက်ကျင်နှင့် ခေတ်ဆန်သော အငွေ့အသက် အားလုံး ကွယ်ပျောက်သွားသည်….အခုတော့ အလေးချိန် တန်ပေါင်းများစွာကို သယ်ဆောင်မောင်းနှင်လာရသော ထရပ်ကားကြီး တစ်စင်းပမာ လေးလေးရွေးကျွေးနေပြီ…. မေမေ့အတွက် သူ စိုးရိမ်သည်…မေမေနှင့် အနီးကပ်နေရန် လိုအပ်မှန်းလည်း သိသည်…. သူက အပြင်လူလို ခပ်ခွါခွါနေရခြင်းကို မိုးပြည့်က လည်း နားလည်သည်…..
အကောင်းဆုံးက တော့ အလုပ်ကပဲ အနိုင်ရှီ နားသင့်တယ် ကိုလတ်…
ဒီအတွက် သူ့ ယောကျ်ားက နားလည် သင့်တာပေါ့ …


သူတို့ အထင်မပြေကြဘူး...
သူ့ သက်ပြင်းချမိသည်... မေမေ့လို အသက်အရွယ်ကို လက်ထပ်စဲသော ယောကျ်ား တစ်ယောက်အပေါ် အမြင် ကြည်လင်စရာအကြောင်းမရှိ...
ဒီကိစ္စ... ကျွန်တော်... မစွက်ဖက်သင့်ဘူး ထင်တယ်...


ထားလို့ကော သင့်မလား
ကိုသတိရယ် ...
ပါသည် မိခင်ကို သားတစ်ယောက်
နေဖြင့် ပြဿနာကို ရှောင်လို့ရ
ကျာ ပြုသင့်သည်လား ....
က်ဆုံးမှာတော့ မေမေ့ကို သူ
တမေးရတော့၏ ....
ဘယ်လိုမှ မေ့ပျောက်ဖြေသိမ့် မရနိုင်တဲ့ အရှုံးတစ်ခုကို သားတွေအပေါ် ချစ်စိတ် တစ်ခုထဲနဲ့ မေမေ ကျူးလွန်မိသလို ဖြစ်ခဲ့တာပါ သားရယ် ...သူ့ကို မေမေ အပြစ် မတင်ပါဘူး .... မေမေ ဘာသာ မေမေ့ တင်ထားတဲ့ အပြစ်အတွက် ဖြေသည် မရနိုင်တာပါ...
မေမေ ကို သား ကူညီပေးရမလဲ ... မေမေ လိုအပ်တာကို ပြောပါ မေမေ ...
တကယ်က သားကြီးကို မေမေ လွှတ်မထားသင့်ဘူး မင်းတို့ အဖေရဲ့ စည်းစနစ် အောက်မှာ ညှိုးနွမ်းရတယ်ဆိုတဲ့ မချင်စိတ်နဲ့ပဲ သားကြီး လိုတာရ စေဖို့ ပေးခဲ့တဲ့အခွင့်အရေးတွေ


မေတ္တာကို အလွဲသုံးကြခြင်း၏ ရလာဒ် အဖြစ် သူ့ဘာသာ ကောက်ချက်ချ၏
ဒါတွေကို မေမေ နားလည်နေတာပဲ ... ဒီအတွက် မေမေ့ကို မေမေ အပြစ်ဒဏ်ခတ်နေတာမျိုး ဆိုရင် ဆက်မှားနေမှာပဲလေ ...
မေမေ့မှာ ကိုးကွယ်ရာမဲ့ပြီ သားရယ် ... အဟင့် .. ဟင့် ..
မေမေ့ အနားမှာ သား ရှိနေတာပဲ ...
ဪ ... တကယ်တော့ မင်းတို့ အမေဟာ မင်းတို့ အတွက် တကယ့်ကို ပြည့်စုံ ကောင်းမွန်တဲ့ အမေပါပဲလား
မေမေ အလုပ်မှ ခေတ္တ အနားယူမည် ဖြစ်ကြောင်း သူမ၏ ပတ်ဝန်းကျင်ကို ထုတ်ပြော ကြေညာ၏ ....
ဒါဆိုရင် သူ့ ယောက်ျား ကိုဝင်းမောင်ပဲ MD နေရာကို ဝင်လာ တော့မှာပေါ့ ...
မဟုတ်ဘူး ...


တစ်ချိန်က မိတ်ကောင်း ဆွေမွန် ခင်ပွန်းလင်သားကောင်း အသွင် ဆောင်လာခဲ့သော ဦးဝင်းမောင် ဤမျှခြေမသေတော်နိုင်ပါ့ ပေါက်ကွဲတော့၏...
ဗျာ ... ဘာကြောင့် မဟုတ်ရမှာလဲ.... မိမေသက်ကို ကိုဝင်းမောင် လက်ထပ်ခဲ့တာ နှစ်ရှည် လများ နားလည်မှု ယူ ပြီးမှ မဟုတ်လား...
ဒါက .. ကျွန်တော်တို့ တေးက အမြင်ပဲ .... အရ ပင်နီးတာဝန်ကို တကယ် ပွဲပြောင်းပေးမှာက သူ့သား အလတ်နဲ့ သူ့ရဲ့ စက္ကတောကို မိုးပြည့်ပြည့်ကိုပဲ ..တဲ...
ဒီ..ငါ့ကို အမြီးလှန်ချိုးတာပဲ... သူ့အတွက် ငါ နားလည်ပေးခဲ့ရတာတွေ ... ကျေညီဖြည့်ဆည်း ခဲ့ရတာတွေ အနစ်နာခံ ခဲ့ရတာတွေ အားလုံးကို သူ နင်းချေ ပစ်တာပဲ ... တောက် ....
မျှော်လင့်ထားသည့်အတိုင်း ဦးဝင်းမောင်သည် သူတို့၏ နံပါတ်တစ် အတိုက်အခံ ဖြစ်လာသည် ....
မေမေ နှင့်လည်း တရားဝင် ကွာရှင်းလိုက်၏ ...သည့်နောက်ပိုင်း ကုမ္ပဏီကိစ္စတွေကို မေမေ လုံးဝ လှည့်မကြည့်ဘဲ တရားစခန်း များကိုသာ သွားတော့၏ ....


ကုမ္ပဏီ တာဝန်ကို သူ အပြည့်အဝ မယူနိုင်ခဲ့
ကျောင်းနှင့် သင်တန်းများအတွက် အချိန်ပေးရ
မိုးပြည့်ပြည့်သည် သူဝင်ထားသည့်ထက်
အရည်အချင်း ပြည့်ဝထက်မြက်၍ အပင်ပန်း
ခံနိုင်ကြောင်း သူ အနီးကပ် လေ့လာမိတော့...
သူ့အတွက် တာဝန်များကိုပါ ဖြည့်စွက်
ဆောင်ရွက်ပေးသလို လုပ်ငန်းအားလုံးကို
နားမလည်သေးသော သူ့ကိုလည်း ကောင်းစွာ
လမ်းညွှန်လက်တွဲ ခေါ်ယူသွားနိုင်၏ ....
မိုးကို ထာဝရ အဖော် အဖြစ် သူ မျှော်လင့်
ခဲ့ခြင်းမှာ လုံးဝ အမှားမဟုတ်ကြောင်း ဘာသာ
ယုံကြည်လိုက်လေပြီ .....


အခန်း (၁၄)


ခေတ်မီ အေးဝါး ကရိယာနှင့်
ပညာရှင် အဝေတက်အာကူ
မရှိသော အရပ်မှာ သည်မျှ
ကြာအောင် အသက်ရှင်နေ
ဂုဏ်ယပ်မရှိဟု ယူဆကြမည်
သာ.... ကိုကိုကြီး သေခြင်း
တရားကို အံတုနေနိုင်ခြင်းက
ပေပေကြောင့်ပင် .....
သားကြီး
နေလို့ကောင်
ရဲ့လား
ကောင်းပါ
တယ် ပေပေ...
ဘားအဖ နှစ်ယောက် ဗြဲ ပတ်ဝန်းကျင်ကို
လမ်းလျှောက် ထွက်သည်... ယင်ယင်က အကြောင်းတွေ...
ဗြဲကြီးကို ပေပေ စတင်တည်ထောင်ချိန်က အကြောင်း
တွေ... တွေ့ရလေးပါး အကြောင်းတွေကို ပြောခြင်းဖြင့်
လေနာကို မေ့လျော့စေသည်....


ညီညီကိုယ်တိုင် ဒီးဘောင်
ရှိ အရှုံးနှင့် ဂုဏ်ဘိုင်
နေရသော ခြံလုပ်ငန်းကြီး
မြန်လည်ဒီးမော့လာရေး
အစီအစဉ်တွေကိုလည်း
ပြောပြသည် ....
သူ မျှော်လင့်သလို
ဘက်တစ်ခုခုရဲ့ အကူအညီ
ရရင် အဲဒီ မြေတွေအားလုံး
ဟာ တို့ရဲ့လုပ်ကွက်တွေ
ဖြစ်လာမှာပဲ ....
ကိုကိုကြီးက
သည်အတွက် သူ
တစ်တတ်တစ်အား
တစ်ထောင့်တစ်နေ
ရာ မပါဝင်နိုင်
တော့ခြင်းကို ယူကြ
မရ ဟန်ဖြင့် ...
သား ... အချိန်
တွေကို အသုံးမဲ့
ဖြုန်းတီးမိခဲ့တယ်
ပေပေရယ် ...
ဒီလို ဝမ်းနည်းစရာ
အတွေးမျိုး မတွေးနဲ့ ..
ပေပေ့မှာရှိတဲ့
သား သုံးယောက်စလုံး
ပေပေ့ အနားမှာရှိနေတာဟာ
လက်တစ်ဖက်မှာ လက်ချောင်း
အစုံ ရှိနေတဲ့ အားလိုပဲ ...
ကိုကိုကြီး ပြုံးလာသည် ... ပေပေ့ အချစ်ကို နားလည်
ခံစားမိလာလေလေ သူ့ကိုယ်သူ ယှဉ်ကြုံးမရ
ဖြစ်ရလေလေ .... တကယ်ကျတော့ လိမ်ညာလှည့်စား
မရနိုင်သည့် အခြေအနေတွေကို သူကော ပေပေပါ
သိနေခဲ့ကြသည်သာ .... နေ့နှင့်တစ်ခု ပေါ်လာတိုင်း
သူ ရှုံးကန်ကျော်သွားဖို့ မလွယ်ခဲ့ ....


သို့သော် သူ့ အနားမှာ
အမြဲလို ဖေဖေ ရှိနေ၏...
ကို ပြန်ရောက်လာတည်းက
ဖေဖေက သူ့ကို ဂရုတစိုက်
လေ့ကျင့်ပေးသော တရား
မှတ်ခြင်း အလေ့ကို ပြု
သည် ....
ဝေဒနာ အပေါ် စိတ်ကို မထားနဲ့ သားကြီး ဖြစ်ပြီး ပျက်တယ်လို့ မှတ် ... အတတ်နိုင်ဆုံး သတိကို စိတ်အမှတ်မှာ ကပ်ထား ... ဘာမှ ကြောက်စရာ မလိုဘူး ....
ဝေဒနာ တောင်အတက်မှ လွန်လျှင် ကိုကိုကြီး သာ အိပ်စက်သွားနိုင် သော်လည်း ဖေဖေကား အိပ်စက်ခြင်း မရှိ ....
အနားမှာပင် နေကာ ပရိတ်တော်များ ပဋ္ဌာန်းတရားများကို ဖွဖွရွတ်နေတတ်သည် .... မည်သည့် ဆေးဝါး ကုထုံးနှင့်မျှ မလွန်မြောက်နိုင်သော သားဖြစ်သူ၏ ဝေဒနာကို ဖေဖေက ဘုရားဂုဏ်တော် တရားဂုဏ်တော်တို့ဖြင့် လွန်မြောက်ကျော်လွှားစေလိုသည် .... သည်ရက်ပိုင်း အတွင်းမှာပင် ဖေဖေ သိသိသာသာကြီး ညှိုးချုံးကျသွား၏ .... မည်မျှ ပင်ပန်းစေကာမူ ဖေဖေ နှုတ်မှ အနည်းငယ်မျှ မညည်းတွားခဲ့ .....


ကိုကိုကြီး၏ နောက်ဆုံးနေ့ရက်များက နီးကပ်သည်ထက် နီးကပ်လာ၏ .... ရောက်စကလို သွားလာလှုပ်ရှား မပြုနိုင်တော့ .... ဒေသခံ ကျန်းမာရေးမှူးက ညီညီ့ကို တိတ်တဆိတ်သတိပေးသည်...
ကျန်းမာရေးမှူးက မေမေ့ကို အိပ်ဆေး တစ်ခုခုအား ချို့ရှက် တိုက်ကျွေးဖို့ အကြံပေး၏ .....
နောက်တစ်နေ့ ကူးမယ် မထင်ဘူး ကိုလေး...
ဘာတတ်နိုင်မှာလဲ ဆရာရယ်...ကျွန်တော် စိုးရိမ်တာ မေမေ့ အတွက်ပဲ ...
ညီညီက လက်ခံကာ သံပုရာရည်ထဲ အိပ်ဆေး ထည့်ကာ တိုက်ဖို့ကြိုးစား လေ၏ .....
ထားခဲ့... ပြီးမှ သောက် မယ်....
မေမေက လုံးဝပင် တို့ထိခြင်းမပြုခဲ့ ... သားကြီးကို သူ့လက်ပေါ်မှာတွင် နောက်ဆုံးထွက်သက် ကျန်ခဲ့စေခဲ့၏ .... သေခြင်းတရားကို ကိုကိုကြီး ရုန်းရင်းဆန်ခတ် ရင်မဆိုင်ရဘဲ ငြိမ်သက်စွာ လက်ခံသွားခြင်းက မေမေ၏ မေတ္တာတန်ခိုးဟုသာ ဆိုရပေမည်.....


ကိုကိုကြီး၏ နာရေးမှာတော့ မိသားစု ပြန်လည် ဆုံတွေ့ကြချိန်တွင် ... မိုးပြည့်လည်း ပြန်ကို ရောက်ရှိလာခဲ့သည် ... ကိုကိုကြီး ဆုံးပြီးကတည်းက လေးလေး လုံးဝ စကားမပြောတော့ ဘယ်သူတွေ ဘာပြောပြော ဘာလုပ်လုပ် ဆိတ်ဆိတ်နေ၏ ....
မိတ်ဆွေ အားလုံးက လေးလေးနှင့် မေမေတို့ကို ရှုလို အချိန်မှာ ပြန်လည်ပေါင်းဆည်းကြစေလို၏.
သူနှင့် ညီညီကလည်း သည်လိုပဲ ခံစားရှိခဲ့ကြ၏...
ငယ်တုန်းက အပျော်.. ကြီးလာတော့ အဖေါ်တဲ.. သူတို့ချင်း အဖေါ်သဟဲဖြစ် ကြရင် ဒီလောက်သေ့ခြောက် အထီးကျန် ခံစားနေကြမှာ မဟုတ်ဘူး ညီလေး ...
လေလေ့ အကြောင်း ကိုလတ် သိအားပဲမျာ.. ဖြစ်လာမယ်မထင် တော့ပါဘူး ...

အခန်း (၁၅)



ဖြဲ၏ အနာဂတ် အလားအလာအတွက် သူတို့ ညီအစ်ကိုနှင့်အတူ မိုးပြည့်ပါ ပါဝင်ဆွေးနွေးကြရင်းက .....
လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုရမို့အတွက် စနစ်တကျ လျာထားချက်တွေ ရေးဆွဲတင်ပြနိုင်ရင်တော့ ဖြစ်လာနိုင်တယ်...
မိုး၏ အကြံဉာဏ် သူလည်း
ဟုတ်တယ် ညီညီ ... ကိုယ်ပိုင်ငွေနဲ့ လေလေ လုပ်တုန်းက စာရင်းဇယား မလိုပေမယ့် စုလို့ လုပ်မယ် ဆိုရင် မင်းမှာ တိကျတဲ့ စာရင်းဇယား လိုမယ်...


ဒါတွေကို
ကျွန်တော် စိတ်အာပျက်ဆုံး
ဘဲ... အလုပ်တစ်ခုကို
လက်တွေ့မှာ လုပ်ပြလိုက်ချင်တယ်..
ကိုယ့်အလုပ်ကို မလုပ်ရသေးခင်က
အမွှန်းတင် ကချေပြရမှာမျိုးကို
စိတ်အာပျက်ဆုံးပဲ...
ဒီလို ပြောလို့တော့
မရဘူး ကိုညီရဲ့ ...ဒါဟာ
တစ်ဦးနဲ့ တစ်ဦး ယုံကြည်မှု
ရည်မှန်းချက်လို့ သဘော
ပေါက်ရလိမ့်မယ်....


ကဲ... မိုး ဒီအတွက်
မိုးကိုပဲ အကူအညီ တောင်းပါရစေ...
ညီညီကလည်း မေမေ့လို လူစားမျိုး
ဒီအတွက် ဒီက ဖြလုပ်ငန်းကြီး အား
မပြိုကွဲအောင် ကျွန်တော်တို့
လုပ်သင့်တာ လုပ်ပေးကြရုံပဲ..
ကျွန်မကော ကိစ္စတွေ ကိုလတ် တစ်ယောက်ထဲ လုပ်နိုင်မှာလား..
အတတ်နိုင်ဆုံး ကြိုးစားကြည့်ရမှာပေါ့... ပြီးတော့ မိုး ဒီမှာ စီမံကိန်း ရေးရင် အလွန်ဆုံး တစ်လပေါ့ မဟုတ်ဘူးလား...


ပြောလို့တော့ မရဘူး... စိုက်ပျိုးရေးနဲ့ မွေးမြူရေး ကဏ္ဍ နှစ်ခုစလုံးအတွက် ဆိုရင် ဦးထက် ကြာကောင်းကြာနိုင်တယ် အခုက လိုအပ်တဲ့ ဒေတာတွေကိုတော့ ကိုပေါက် ကျပြီး ရှာပေးရလိမ့်မယ်..
စိတ်ချ ကိုယ့် ာဝန်ထား..
စီမံကိန်းရေးဆွဲရန် မိုးလက်ခံလိုက်သည့်အတွက် သူ ဝမ်းသာရှာနေ၏ ....
ုပ်ငန်းအတွက် ၁၀၀ စိတ်ချ ဦးသို့ လက် ပြီးလျှင်တော့...
မိုးကို လက်ထပ်ဖို့ မေမေ့ကို ပြောရမယ်.. မေမေ သဘောတူမှာပါ... ဟာ... အခုက တ မိုးပဲ... မိုးရဲ့ သဘောကို အရင်ဆုံး ငါ ရယူသင့်တယ်...



ကိုကိုကြီး နာရေး ပြီးဆုံး၍ မပြန်ခင် တစ်နေ့မှာတော့ ...
မိုးကို ကျွန်တော် ပြောစရာ ရှိတယ် ...
ဘာများလဲ ကိုလတ်ရဲ့ အမြဲတွေ့ နေကြတဲ့ လူတွေပဲ ပြောစရာရှိ ပြောပေါ့ ..


အစ၊ ပင်ကိုယ်သဘောတွေ က စွမ်းအားကောင်းပြီး လွန်းခဲ့သည်သာ ....
ကျွန်တော် ...အဲ... ကိုယ် ပြောတာကို မိုး အလေးအနက် စဉ်းစား စေချင်တယ်...
ဟာယ် ... ဒုက္ခပါပဲ ... ဘာမှ မပြောရသေးဘဲ မိုးက ဘာကို အလေးအနက် စဉ်းစားရ မှာလဲ ရှင် ... အဟင်း ... တင်း ကိုလတ်က ရယ်ရတယ်...


သူ့မှာ ရှက်လွန်း၍ ခြေမကိုင်မိ လက်မကိုင်မိ လောက် ဖြစ်ခဲ့ရသည် ... ဖူးဦးတကို ရောရှိသော ရယ်ရင်း ရင်ခုန်လှိုက်ဖော ဖြစ်ရသေး၏ .....
တွတ်ပါတယ်... ကိုယ်က စကားပလ္လင်ခံ ထားတာပဲ မိုးရယ်...
ဟောဟိုမှာ ကိုညီ လာနေပြီ..
မွေးမြူရေးခြံဘက်က မြင်းစီး၍ လာနေသော ညီညီကြောင့် သူ့အဖို့ ကပျက် ယပျက် ဖြစ်ရတော့မလို ....
မို့ ...
ပြောပါ ... ကိုလတ် ...
မိုးကို ကျွန်တော် ချစ်တယ် မိုးကို လက်ထပ် ပါရစေ ...



သည် စကားလုံးတွေက
ု့ စိတ်ထဲက အလော
ု့ထယ် ပြောနေမိ
ောက်လည်း နှုတ်က
ု့အနေလွန်ခါ ....
ဟော ... မမိုး ..
မြင်းစီးသင်မယ်ဆို ...
အဟာင်း ... ကိုညီ
သတိရသေးတယ်နော် ..
မိုးက မေ့နေပြီတောင်
ထင်တာ ...


ညီညီ
မြင်းထက်မှ
ခုန်ဆင်းရင်း ...
မမေ့ပါဘူးဗျာ...
အခြေအနေအရ သင်မပေးနိုင်သေး
တာကြောင့်ပါ... မမိုးကို သင်ပေးဖို့
သင့်တော်မယ့် မြင်းကလည်း မရှာရသေးလို့...
ခု... ဒီမြင်းကို ကျွန်တော့် သူငယ်ချင်း
တစ်ယောက်ဆီက သွားငှားလာခဲ့ရတာ...
ဒီမြင်းက လက်မရွေးဘူး...
ကဲ... စီးကြည့်မလား...
ဟုတ်...
ရပါ့မလား...



စိတ်ချလက်ချသာ တက် ... ကျွန်တော် တာဝန်ယူတယ်..
အို..မတက် တတ်ဘူး...
ကဲ...လာ...
မိုးဇော် ခန္ဓာကိုယ် လေးကို ညီညီက သတ်ခနဲ ပွေ့ချီ လိုက်၏ ....
အို....
ပြီးတော့ မြင်းထက် တွန်းတင်ပေးရင်း ....
မကြောက်နဲ့ ကျွန်တော် နောက်က ထိန်းပေးမယ်...
မိုး စိတ်ထဲက သူမဘာသာ မြင်းကို စီးရင်း သင်ရမည် ထင်ခဲ့...ခုတော့ သူမ၏ နောက်ဘက်မှ ညီညီက လွှားခနဲ ခုန်တက်လာသလို ...



ဒီ ဇက်ကြိုးကို
တင်းတင်းရင်းရင်း ကိုင်ထား ...
ကျော့ဂိုရော့ရဲ့ ကိုင်လို့မရဘူး ... မြင်း
တစ်ကောင်လုံးကို ချုပ်ကိုင်ထားတာ
ဒီ ဇက်ကြိုးပဲမို့ ... ဒီ ဇက်ကြိုးရဲ့
အသံကို မျိုး မသိသေးသဖြင့်
မြင်းကို မစီးနိုင်သေးဘူးလို့
မှတ် ... ကဲ့ စကြို့ ... ဇက်ကြိုးကို
အသာလျှော့ ... မြင်းကို ပုတ်လိုက်
ဒီ စထွက်တာပဲ ... ဟိုင်း ...
မြင်းက ရှေ့ကို
ရှိန်းအထွက်
သူမ ကျမလို့
ဖြစ်သွားတာ...
အား ...
မကြောက်နဲ့
ကျွန်တော် နောက်က
ဖက်ထားတယ်...
အဟင်း ... ဟင်း-
ရင်တုန်သွားတာပဲ..
မြင်းနှင့်အတူ သူတို့
ဝေးကွာသွားချိန်အထိ
နေရာမှာပင် ရပ်တန့်
နေမိသော .....


ကို ရှုစ်ရွယ်
ပြောခဲ့သော
ကားက
နှလုံးသား
မှာပင်
တင်ခဲ့ ...
ဒီ ဓက်ကြိုးကို
တင်းတင်းရင်းရင်း ကိုင်ထား ...
ရှောင့်ရှောင့်ရဲ့ ကိုင်လို့မရဘူး ... မြင်း
တစ်ကောင်လုံးကို ချုပ်ကိုင်ထားတာ ဒီ
ဓက်ကြိုးပဲ ... မိုး ... ဒီ ဓက်ကြိုးရဲ့ အဝတ္တကို
မိုး မသိသေးသရွေ့ မြင်းကို
မနိုင်သေးဘူးသာမှတ် ...
ပိန်းမ ဆိုသော အမျိုးကို
တန်လည် ဆရာတော်ကြီးက
မာဃဒေဝကျမ်းမှာ လှေနှင့်
မြင်းကို ပမာခိုင်းနှိုင်းခဲ့၏ ...
သူ့ ရင်မောပင့်သက်ပြာမိရင်းက..
အင်း... ဒုထိ
ငါကိုယ်တိုင် မြင်း
မစီးတတ်သေးတာတော့
အသေအချာပဲ ....




အခန်း (၁၆)
မိုး၏ ခန္ဓာကိုယ်တစ်ခုလုံး ကိုက်ခဲနာကျင်နေသည်... လှုပ်ပင်မလှုပ်နိုင်..... ဒါပေမဲ့ မြင်းစီးစဉ်က ရင်မှာ တသိမ့်သိမ့် ရှိခဲ့တာတွေ အမှတ်ရရင်း ကျိတ်၍ ပြုံးမိသည်....
ကြမ်းတမ်း သွက်လက်သော ... ပွင့်လင်းမာကျောသော ညီညီ၏ ပြောဆို လှုပ်ရှားမှု ပုံရိပ်များက မိုးအတွက် အသစ်အဆန်းတစ်ခုလို...


သူ့ကို ကူညီဖို့ ငါ သဘောတူမိတာ မှားပြီလား...
မအာလော် ကိုလတ် ဆက်ဆံသော အမူအရာ အပြောအဆို ကြည့် အားလုံးကိုလည်း ဘာသာ ပိနေခဲ့တာ ကြာပြီ.....
အမှန်ကို ဝန်ခံရလျှင် ကိုလတ်ကို မိုး သဘောကျခဲ့သည်... တည်ငြိမ်အေးဆေးသော ရုပ်ရည်သန့်ကျော့ကြီးသော စဉ်းစားတွေးခေါ်နိုင်သော စိတ်ထားဖြောင့်မတ် မျှတပြော့ပျောင်းသော အရည်အချင်းတွေက သူမ၏ စိတ်ကို မလှုပ်ရှားစေခဲ့သော်လည်း ကိုကိုကြီး ရှိစဉ်က သူမကို ဒေါ်ဖေသက် ကိုယ်တိုင်က....
မင်းကို ငါ သမီးလို ဖုန်ဆိုင်ဖို့တော့ လိုလာပြီ မိုးလေးရေ..
သဘာဝတုန်းကတည်းက ကိုကိုကြီး၏ အပျော်အပါး အလိုရမက်ကြီးမှုကို အကဲခတ်မိသော သူမ မျက်စိုးလျှပ်ခဲ့ရသည်...
၁၁၇


ကိုလတ်နှင့် ဆုံစွင့်ရတော့ အတန်ငယ်စိုးရိမ်စိတ်
လျော့ပါးခဲ့ရသည် ... ခုတော့ ကိုကိုကြီးက သူ့
ဘဝကို သူ အဆိုးအမိုက်ဖြင့် ဇာတ်သိမ်းသွားပြီ..
လက်ရှိ သူမ ရင်ဆိုင်ရမည့် အခြေအနေက
စဉ်းစားလိုက်တိုင်း .....
ဘုရား ...ဘုရား ...
စိတ်ကိုနိုင်ကွဲ့ ငါ ဖျက်လိုက်
ဆင်းရှောင်လိုက်ရင်
ကောင်းမယ်ထင်တယ်...
တစ်ဖက်က
သည်မှာတွေးက
ထိုးနှက်စေသော်
လာသလို ....
မြင်းပေါ်မှ သူမ လွင့်စဉ်ကျမသွားအောင် ခါးကို ကျစ်ကျစ်
ခိုင်မြဲစွာ ပက်တွယ်ထားသော ညီညီ၏ အဝတ်အစွေ့
အနံ့အသက် အားလုံးကလည်း မသိစိတ်ထဲမှာ နစ်ဝင်နေခဲ့ပြီ...



စိမ်းကိုနိုင်ရေးဗိုလ်
မိုးပြန်လာရင်တော့ မြင်းကို
ကောင်းကောင်း စီးတတ်သွား
မှာပါ .. စိတ်ချ ...
ဟို...
အင်း ...
အမှုအာရှ ပျက်စဲ့ရသော မိုးကို
ကိုလတ်က တစေ့တစောင်း
အကဲခတ်နေသည်သာ ....
တွ မေမေ့၏
င်ထဲ ပြန်ပါသွားသော
ကို မေမေ က
တစောင်း အကဲခတ်ရင်း
ပြုဖို့ ကြိုးစားနေကြောင်း
ခတ်မိ၏ ... မိသားစု
မှာ အေးစက်သော
မ်းသွေးချိန်တွေကို
ကုန်ဆုံးသွားစေချင်သည်...


ကားပေါ် တက်ခါနီး
ပေပေ့ကို ကန်တော့ရဲ့
ပေပေက အခါတိုင်း
ဆုတောင်းမေတ္တာပို့
ခြင်းပင် မပြုလော ...
ကိုကိုကြီးကို ဆုံးရှုံး
စွန့်လွှတ်ခဲ့ရသော
ဝေဒနာအခါဖြင့်
အေးစက်တိတ်ဆိတ်
သော ဖြစ်ပါစေဟု
သူ့ စိတ်ထဲက
ဆုတောင်းမိသည် ....
သူတို့ ကားထွက်တော့ ညီညီက
မြင်းဖြင့် ခြံနယ်နမိတ်အကွေ့တိုင်
လိုက်ပါ ပို့ဆောင်ရင်း ....
ရိုး ...
ပြန်လာမယ့်နေ့
ဖုန်း ကြိုဆက်
နော် ....
အင်း ...
ကားနဲ့
လာကြိုရမလား
မြင်းနဲ့လား ..


အို … မိုး …
အဆင်ပြေရာနဲ့
ဘာသာ လာခဲ့ပါမယ်
ကိုညီရယ် …
ကိုကိုကြီးရဲ့
နာရေးကြောင့်
တာဝန် မကျေအာင်ဖြိုရင်
ခွင့်လွှတ်ပါ မိုး …
မိုး နားလည်
ပါတယ် …
ဒီ တစ်ခါ
မိုး လာရင်တော့
အားလုံး ပြည့်စုံစေမှာမို့
ကျွန်တော် ကတိပေး
ပါတယ် မိုး …
ဂွတ်ဘိုင် …
အဝေးရောက်သည့်တိုင် လှည့်ပြန်
ကြည့်နေ လက်ပြနေမိသော
မိုးကို ကိုလတ် အကဲခတ်နေမှန်း
သတိရမိတော့ ရှက်ပြုံးကလေး
ဖြင့်သာ ကာကွယ်နိုင်တော့၏ …
ကျေးဇူးပါပဲ …
ကိုညီ နေခဲ့တော့ …
ဘိုင် …

# ပြာလွဲ့ဝိုးဝိုင်း အခန်း (၁၇)



မေမေ့ကို သူ ဖွင့်ပြောရန် လုံ့လ စိတ်ပိုင်းဖြတ်ပြီးချိန် မှာပင် မေမေက သူ့ကို ခေါ်တွေ့ကာ ....
စောစောပိုင်း ကတည်းက ပြောဖို့ပါပဲ... သားကြီးရဲ့ သောကကြောင့် မေမေ မပြောဖြစ်ခဲ့ တာပဲ... သားနဲ့ မိုးလေးကို မေမေ လက်ထပ်ပေးချင်တယ်.. အဲဒီ သားရဲ့ သဘောထားကို ဖွင့်ဖွင့်လင်းလင်းပဲ သိချင်တယ် ....
သားနဲ့ မိုးလေးတို့ ကိစ္စ...
ဗျာ...
သား ...သားက.. ယောက်ျားလေးပါ မေ မေမေ တကယ် သဘော ရယူ သင့်တာက မိုးကိုပါ ...
မိုးလေးက မေမေ့ရဲ့ အဘောသား တစ်ခုပါ သား... သူ့ကို မေမေက မိခင်တစ်ယောက် လို ပြုစုပျိုးထောင်ပြီး ဒီ အရွယ် ရောက်အောင် ခေါ်ယူလာခဲ့တာပါ.. အဲဒီ သူ့ကိုယ်တိုင်လည်း နားလည် တန်ဖိုးထားတတ်သူကလေးပါ..


ဒါကတော့
လို့ မေမေရယ်..
လဲ နှီ ကိစ္စမှာ
လို့ ပြောလို့မရတော့
မင်းရဲ့ ဒီလို ဟိုလိုတွေက ရှုပ်ရှုန်းပါတယ် သားရယ်.. မေမေ သိချင်တာ မင်းအနေနဲ့ မိုးလေးကို လက်မထပ် ချင်တာ ဆိုလည်း....
ဟာ...မ..မဟုတ် ဘူး မေမေ... သား ဆိုလိုတာက ...
တော်တော့ ... မေမေ မေးတာပဲဖြေ.. မိုးလေးကို သား လက်ထပ်မှာလား..
သည်တော့ ရုတ်ချက်မှာ နီမြန်းမြန်းကြီးဖြင့် ရယ်ကျဲကျဲ ပေါင်းဥပိတ်မိ သည်က မသိုင်းမတွေပါ...
သူ့ကို မေမေ ပြောထားပြီးပါပြီ သားရယ်... မေမေတို့ သားတို့ သနားပါတဲ့ မိုးလေးဟာ သနားစရာ မိန်းကလေးပါ သားရယ်...မိဘတွေ မရှိတဲ့နောက် သူ့ဘဝကို သူ့ဘာသာ ရုန်းကန် တည့်ထောင်ခဲ့ရင်း မေမေ့ဆီ ရောက်လာ တာပဲ ....
ပညာတစ်ပိုင်းတစ်စနဲ့ လှုပ်ရှန်းခွင်ထဲ ရောက်လာတဲ့ သူ့ကို ပညာရေး ဆုံးခန်းရောက်အောင် မေမေ ပံ့ပိုးပေးခဲ့တယ်... တစ်ချိန်မှာ သူဟာ မေမေ့အတွက် မရှိမဖြစ် လိုအပ်လာမယ့် လက်ရုန်းပဲ ဆိုတာ မေမေ ကြိုမြင်ခဲ့ ပြီးသားပါ ....
ဒါကြောင့် မေမေက ချွေးမတော်ဖြစ်ဖို့ သားနဲ့ ....


မင်း ..
မကျေနပ်ရင်တော့
သူနဲ့ ...
အို ... နိုး ... နိုး ...
သားလည်း မေမေ့ကို ဒီကိစ္စ
ပြောဖို့ အားနာနေခဲ့တာ
ကိုကိုကြီး အေးဂုံမတင်ခင်
ကတည်းက ...
ဪ ...
ဖြစ်ရလေကွယ် ..
အဟင်း ... ဟင်း ..
သူ ပျော်နေသည် ... မေမေ့ဆီက အပြန်ခရီးကိုယ်
လေဟင်ထဲမှာ ပျံဝဲနေရသော ငှက်တစ်ကောင်လို
ကိုယ့်ကိုယ်ကို ထင်မိ ... မိုး ဆီကို လှမ်းပေါ်က
ဖုန်းခေါ်ရင်း .....
မိုးကို ညစာကျွေးချင်လို့
ပြီးတော့ ပြောစရာတွေလည်း
ရှိတယ် ....
အို ... ဒီည ကျမက
လပတ်အစည်းအဝေး ရှိတယ်
လေ ... ရှင် မေ့နေပြီလား...
သွားစမ်းကွာ ...
အဲဒါကြီး လွှင့်ပစ်ခဲ့ ...
ကိုယ် 'မိုးပြာပြာ' ဟိုတယ်မှာ
စောင့်နေမယ် .. ဒါပဲ ...


ဂူးဝတ်စုံ ကပိုကဂိုကလေး
ဖြင့်ပင် ဖိုဂျ လှနေသည်ဟု
စိတ်က ထင်သည် ... သူမ
ရောက်ကတည်းက စိမ်းစိမ်းကြီး
ကြည့်ကာ ဘာစကားမှ
မပြောဖြစ်သော သူ့ကို ....
ဘုရားရေ ...
ရှင်က ကျွန်မကို
အရေးတကြီး ခေါ်ပြီး
ဒီလို ကမ္ဘာ့ဗျာနံ့ရှသလို
ရှုနေတော့မှာလား ...
ဪ ... အင်း ...
ဟုတ်သားပဲ ...
ကဲ ... ပြော
ကိစ္စက ...
ညစာ
စားဖို့ ...
ကျွန်မ တစ်နေ့မှ
ညစာ မငတ်ပါဘူးရှင် ...
အဟင်း ... ဟင်း .. ဟင်း ...
ယေမေ ပြောပြီး ဆိုပြီး
ပိုပြီ ဆိုတာတောင် သူက
စေ့လည်ကြောင်းပတ်
သတ္တိကြောင် ....


ဟို ... အဲ
မေမေက ...
အန်တီက
ဘာပြောဖို့လဲ...
ဟို...အဲ..
ဟို ...
ခစ်...
ခစ်...
ခစ်...
သူ့ကိုယ်သူ ဇော်ဘလေသည်ဟုတွက် ရှက်လည်းရှက် ... ထိုသည်မှ သတ္တိနည်းသည်၊
ဆွံ့အလှုန်းသော သူ့ပါးစပ်ကိုသူ ကာလီသီး စပ်စပ်ဖြင့်ဘာ ပွတ်ပစ်ချင်စေ
နောက်ဆုံးမှာတော့ ရေတစ်ခွက်ကို ကောက်၍ သောက်ချလိုက်ရင်း .....
ဂလု...
မိုးပြည့်ကို မကြည့်ဘဲ
ရေတစ်စက်မှ မကျန်သော
ဖန်ခွက်ကြီးကို ငေးရိုက်ကာ
မိုးနဲ့ ကိုယ်
လက်ထပ်ဖို့ ကိစ္စကို
မေမေက ....



ဒီကိစ္စ ကျွန်မကို အန်တီ ပြောထားတာ တစ်လကျော်ပြီ...
ဟင်၊ ဒီလောက်တောင် ကြာပြီ ဟုတ်လား
တေးမီ... အဲ့ဒီ... ဘာဖြစ်သလဲ..
မိုး...မိုးရဲ့ သန္ဓေက...



သူမယ်လေးကော... ရှင်ကို ကျွန်မက အတင်း မျှလှည့်ပါတော့လို့ ပြောရတော့မှာလား ကိုကိုလတ်ဂျယ်...
အို.. ဟုတ်...ဟုတ်ဘူး... ဒီလို.. ဟုတ်ပါဘူး... ကိုယ် ဆိုလိုတာက..
ပေ ရှည်လိုက်တာနော်... ဒီမယ်... ရှင့်ကို ကျွန်မ လက်မထပ်နိုင်ဘူး ဆိုရင် လွန်ခဲ့တဲ့ တစ်လလောက်ကထဲက အန်တီမေ့ကို ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့မှာပေါ့...
ဒီဆို ရှင့်ကို အန်တီမေကလည်း ဒီကိစ္စ ပြောနေစရာ အကြောင်း ရှိဦးမလား ကဲ.....


ဗျာ ... ဟုတ်တာပေါ့နော် ... အဟဲ ... ဒီ ... ဒီလို ...
ကဲ ... ရှင် မှာထားတဲ့ ဒုစာ ရှင့်ဘာသာ ကုန်အောင် စားပေတော့ ... ကျွန်မ အစည်းအဝေး အမီ ပြန်မှ ဖြစ်မယ် ... ကျွန်မ ကိုညီ ရဲ့ လုပ်ငန်းတက်ကို လျှော့ပြီး အကူအညီ ပေးရမယ့် အချိန်အတွင်းမှာ ဒီက ဖြတ်စရာရှိတဲ့ တာဝန်ပိုင်းကို အပြတ်ဖြတ် ထားနိုင်မှ ဖြစ်မယ် တာဝန်ခွဲဝေပေးထား သင့်တဲ့ အပိုင်းတွေ ပေးထားခဲ့မှ ရှင်းလည်း ပေါင်းပေါ့မယ် ... ကဲ .. သွားတော့မယ် ..
ဗျာ ... နေ ... နေပါဦး မိုးရယ် ...
ဘာမှ ပြောစရာမှ မရှိတော့ဘဲ ..
တို့ .... လက်ထပ်ဖို့က ..
အားလုံးပြီးမှပေါ့ ... ကျွန်မကို သနားငဲ့ညှာ ဦးမှပေါ့ ...
သူ ဘာမှ ဆက်မပြောသော တော့ ... မိမိတို့ မိသားစု အရေးတွေမှာချည်း သူမ ဖြည့်ဆည်းပေးနေရမှာသည် ဆိုတော့ ....


ဖြူခဲ့ရ
အခန်း (၁၈)
မေမေ့ထံ သူ ဖုန်းဆက်ပြီး အကြောင်းကြားဖို့ မေမေ့ကို တိုင်ပင်တော့, မေမေ ချက်ချင်း ဆုံးဖြတ်ချက် မပေးနိုင်ပဲ တွေဝေသွားသည်... မေမေက အတန်ငယ်ကြာတော့မှ ....
ဟာ ...မသိုင်တာပဲ မေမေရယ်... မိုးကို သား ကိုယ်တိုင်က သဘောကျတာပဲ ....
အမှန်က ဒါကို မေမေ ကြိုစဉ်းစားသင့်တာပဲ... မေမေ မှားပြန်ပြီ .... မေမေ့ သဘောထား သက်သက်နဲ့ မစီစဉ်သင့်တာပဲ သား... သူ့ကို မင်း ဖုန်းဆက်ရင် သူက ဒီလိုပဲ ပြောမှာ ဝင်မှာပဲ...
တော်ပါပြီ ...ဒီပေမဲ့ မေမေနဲ့ မိုးလေးက ပတ်သက်နေတာ ဆိုတော့, မေမေ့ ပရောဂပဲလို့ မင်း အဖေ မစွပ်စွဲပဲ နေမယ် ဝင်သလား သား ....
၁၃၀




မေမေရယ်... သား ဘာလုပ် ရမှာလဲ...
မိုးလေး မင်းပေပေဖြဲကို သွားတဲ့နေ့ မင်း အဒေါ်ကို လိုက်သွား၊ သင့်တယ်... ပြီးတော့ မင်းအမေကို မင်း ကိုယ်တိုင် ဖွင့်ပြောပြီး သူ့သမီးကို ယူမှ ဖြစ်မယ်... သူ့ သဘောထားက လက်ရှိ အခြေအနေမှာ မင်းအတွက် အရေးအကြီးဆုံးပဲ...
သူ့ အကြီးအကျယ် စိတ်ဓါတ်ကျရတော့ သည်... မေမေရဲ့ ဝန်းကျင်မှ မိုးကို ပေလေက ချွေးမ တော်ဖို့ ကြည်ဖြူ လက်ခံမဲ့ ဆိုတာ မရေရာတော့ ....
ဟား...ပြဿနာပဲ မေမေရယ် ....
မိုးလေးကို မေမေ စိတ်ချပါတယ် လေ... သူ့ကို မင်းအမေ သဘောကျ လက်ခံမယ့် အရည်အချင်းတွေ အများကြီး ရှိတာပဲ... သိပ် မစိုးရိမ် ပါနဲ့လေ...
ဒီလိုပဲ ဖြစ်လာပါစေ မေမေရယ်...



မိုးပြည့်ကို သူ လိုက်ပို့ရသော နေ့မှာတော့ ဖေဖေနှင့် ညီညီတို့ ဝမ်းသာအားရ ဆီးကြိုခဲ့ကြသည်...
ညီညီက သူတို့လာမည် ဆိုကတည်းက တောပစ် ထားသဖြင့် တောထွက် ရှားမီးဟင်းလျာဖြင့် ထမင်းဝိုင်းက စည်ကား နေ၏... မီးဖိုချောင် ထဲမှာ ကူဖော်လောင်ဘက် လုပ်နေသော မြီးကောင်ပေါက် မလေးကို သူသတိထား မိတော့ ....
နင်.. ပန်းကလေး မဟုတ်လား...
အဟင်း... သွယ်လေး ကိုတောင် ကိုလတ်က မမှတ်မိ တော့ဘူးလား...
ဟား... ကြည့်စမ်း သူညီးတောင် အပျို ဖြစ်တော့မှာပဲ.. သွားလိုက်တာ..
ပန်းသွယ်က ရှက်ဟန် ကလေး ရယ်သည်... ဦးဇေးအောင်ဒင်တို့ မိသားစုက သူတို့အတွက် ဆွေရင်းသားချင်းပမာ....


ညစာစားပြီးတော့ ဖေဖေ့ကို သူ သီးသန့်တွေ့ကာ သူနှင့် မိုးတို့ကိစ္စကို အသိပေး သဘောထားယူတော့ ....
ဪ... မင်း လိုက်လာတာ ဒီ ကိစ္စကိုး ...
ဟာ... ဒီ ကိစ္စချည်းတော့ မဟုတ်ပါဘူး ဖေဖေရယ်...
ဖေဖေက ခပ်ထေ့ထေ့ ပြုံးသည်... ပြီးမှ သူ့ကို မကြည့်ဘဲ သတင်းစာ ကိုသာ လှန်ရင်း ....
မင်း အမေရဲ့ သင်ရှေ့ဂုဏ်ကျောင်း နည်းပဲ မဟုတ်လား ... မင်းအမေ ဘယ်လောက် ဥာဏ်များများ ငါက မင်း ဖိုးစယ် ဟာတာနဲ့ မင်း ဝမ်းထဲက အစာသစ် အစာဟောင်းကအစ မြင်တယ် ကိုလတ်...


လေလေ့ကို သူ
ငေးကြောင်ကြောင်
ကလေးဖြင့်သာ
ကြည့်နေမိစေ... သည့်
အတွက် လေလေ
ကန့်ကွက် ရှုံ့ချလာ
ခဲ့လျှင် ဆိုသော
စိုးရိမ်စိတ်ကလေးပါ
လျှပ်ခတ်လာချိန် ....
မင်းလည်း အရွယ်ရောက်
ပညာစုံနေတဲ့ ယောကျ်ားပဲကွာ..
မင်းယူမယ့် မိန်းမကို မင်းဘာသာ
သဘောကျဖို့ပဲ လိုပါတယ်...
ယောကျ်ားပဲကွာ ... ကိုယ်ကြိုက်တာ
ကိုယ်ရအောင် ယူရဲရမှာပေါ့...
ဟိုလူ ဒီလူ သဘောထားတွေက
အရေးမကြီးပါဘူး...
ပြတ်သားလှသော
လေလေ့ အယူအဆ
က သူ့ကို ထက
ချင်လောက်အောင်
ဝမ်းသာရွှင်လန်း
သွားစေသလို ...
ဒါ...ဒါဆို..
လေလေ သဘောတူ
တယ်ပေါ့...


သဘောမတူရင် မယူပဲ နေမှာ လားကွ ...
တာ...ဒီ... ကလော့... ကျွန်တော်..
ကဲ...လှည့်လည်ကြောင်ပတ် လုပ်မနေစမ်းပါနဲ့ကွာ...မင်းတို့ ဘယ်မိန်းကလေး ယူလာလာ ငါက ချွေးမတော်ရတော့မှာ ပေါ့ကွာ...ဒါပဲ မဟုတ်လား..
ဖေဖေ၏ အယူအဆ သဘောထားက ဖြောင့်စင်းလွန်း၍ ကိုယ်တိုင် မဖြောင့် စင်းသော သူတို့သားချင်း မှန်းသ နားလည် ခက်ခဲကြခြင်းဟုသာ ဆိုရ ပေမည် ....
ကိစ္စ ကို ပေးရန် လာတော့...


လရောင်ဖွှန်းမြသော ဖြူ၍ မြက်ခင်းမှာ ညီညီနှင့် မိုးတို့ ရယ်မော စကားလက်ဆုံကျ နေသည် ....မိုးက သူ့ကိုဖြင့် သွားတော့ ညီညီ့ နလေးမှာ ဒွိရင်း .....
ကဲ… ကိုညီရေ… မနက်ကျမှ တွေ့ကြတာ ပေါ့… မိုးကို ခွင့်ပြုဦး… ခရီးပန်းလာလို့…
ဟာ… ဟုတ်တာပေါ့… သေတကိုးပဲ မိုး… ဂွတ်နိုက် အိပ်ယူ တရှမောပိုး…


ကိုလတ် မအိပ်သေးပါကိုး....
လေလေနဲ့ ပြောစရာရှိတာလေးတွေ ပြောရသေးတယ်မို့...
ဘာတွေလဲ..
မိုးနဲ့ ကိုယ့်ကိစ္စ..
အို ... ဦးကို ပြောလိုက် ပြီလား ....


အသိပေးသင့်တဲ့ ကိစ္စပဲ မိုးရယ်...
မိုး၏ အကြည့်များက သူ့ မျက်နှာထက် ဖျပ်ခနဲ သက်ဝင်း၍ ဖျပ်ခနဲ ပျောက်လွင့် သွားသလို ....
အဆင်ပြေတယ် မဟုတ်လား ...
ဘာမှ ပြောစရာ အကြောင်းမှ မရှိဘဲကွာ ....
ဒါဆိုလည်း ပြီးတာပါပဲလေ ...ကဲ... မိုး အိပ်ရာဝင်တော့မယ် ဂွတ်ဒ်နိုက် ...
ဂွတ်ဒ်နိုက် ...


နောက်တစ်နေ့
မနက်စာ
ထမင်းဝိုင်းမှာတော့
ဖေဖေ ကိုယ်တိုင်
က မိုးပြည့်ကို
သူ၏ ချွေး
လောင်း အဖြစ်
ကြေညာလိုက်
သည့် အတွက်..
မိုးပြည့်၏ နံဘေးတွင် အမြဲထိုင်ကာ
ရယ်ရယ်မောမော ရွှင်မြူးနေတတ်သော
ညီညီ့ မျက်နှာမှာ မှိုင်းမှုန်သွားသလို
မိုး ကိုယ်တိုင်လည်း တစ်ရုံတစ်ရာ
စိတ်အနှောင်အယှက် ဖြစ်သွားသော
အမူအရာကို မဖုံးဖိနိုင်ခဲ့ ....


ကိုလတ်နှင့် သူမတို့ အခြေအနေကို သိသွားကတည်းက ညီညီ အနေအထိုင် အပြောအဆို တွေပါ ပြောင်းလည်းသွားတာ အားလုံးလည်း သတိထားမိ၏ .....
ညီညီ ထမင်းစား ကြွရအောင်လေ... ဖေဖေတောင် ထမင်းစား ခန်းထဲ ရောက်နေပြီ...
ကျွန်တော် စားပြီးခဲ့ပြီ ကိုလတ် ဦးလေးအောင်ဒင်တို့ တောဝက်သားချက်တာ ဝင်စားခဲ့တယ်...
အေးကွာ...


မိုးနှင့် နီကော်ရွာမရှေ့တော့ပဲ များသောအားဖြင့်
ကိုခင်နှင့် ဈေးမြို့ရှေ့မြဲ လုပ်ငန်းခွင်ထဲမှာသာ
မတတ်သလို လုပ်ငန်းစီမံကိန်းအတွက် မိုး
အလုပ်စချိန် လိုအပ်သော အချက်အလက်များ
စုဆောင်းပေးမြန်းမို့ ကြိုးစားတော့သည် ....
မေမေ ရှိတာပဲ မိုးဂုဏ် ... မမိုးသိချင်တာ မေက ကျွန်တော့်ဝက် ပြီးတော့ ပြောပြနိုင်ပါတယ် ....


မိုး စိတ်ထဲမှာ နာကျင်မိသည်
သူမ ချော်လဲခဲ့သော
အခြေအနေတွေက လုံးဝ
ပြောင်းလွဲခဲ့ပြီပဲ ... မျိုးသိပ်ရဲ့
ကြိုးစားရင်းကပင် ....
ကိုညီ
မိုးကို တမင်ရှောင်
နေတာလား ...
ညီညီ မျက်နှာက
ပို၍ သိပ်သည်း
နက်ရှိုင်း သွားသည်...
ဟန်ဆောင်တတ်သူ
မဟုတ်သော ညီညီ့
အဖို့လည်း မျိုးသိပ်
ရခြင်းက ပင်ပန်း
ဆင်းရဲလှမည်သာ...
ကျွန်တော့်ဘက်က ချို့ယွင်းချက်
ရှိခဲ့ရင် ခွင့်လွှတ်ပါ မိုး .... မနေ့ညက
ထောင်ထားခဲ့တဲ့ ထောင်ချောက်တွေကို ကျွန်တော်
သွားဖြုတ်မှ ဖြစ်မယ် ... မဖြုတ်ပါရင် မသိုင်တဲ့
အကောင်ပလောင်တွေ ဒုက္ခဖြစ်မယ်လေ ...
မတော်လို့ အလုပ်သမားတွေ ထိမိုက်ရင်လည်း
မကောင်းဘူး ... ကဲ ခွင့်ပြုဦး ....


ညီညီ မြင်းထက် ခုန်တက်ကာ ထွက်ခွါသွားတော့၏ ...
မိုး ငိုပစ်လိုက်ချင်သည်... မသိစိတ်ထဲမှာ စူးနစ်နေသော ဝေဒနာကို
မိမိ အထင်သေးခဲ့မိသည့် အမှားလား ... ဦးနှောက်နှင့် နှလုံးသားတို့၏
အရှုံးတွေ တိုက်ပွဲက ကြာလေ ပြင်းထန် လေလေ ....!


ဒီဝေဒနာကို ပြောတာမို့ ပန်းသွယ်လေး ကိုသာ အပေါ်ပြ မိပြန်တော့ ....
မမက ကိုလတ်နဲ့ လက်ထပ်မှာဆို...
ဆိုပါတော့ ကွယ်...
သွယ်လေးက မမကို ကိုညီနဲ့ ကြိုက်နေပြီလောက် ထင်တာ...
အို... မဟုတ်တာ...
ကိုညီက မမကို ကြိုက်နေတာတဲ့ သွယ်လေးကို ပြောတယ် ခုတော့ သူ့ သနား မိတယ်...


ဟယ်…
ပန်းသွယ်က ဘွင်းဘွင်းသမား ဟန်လုပ်တတ်သော အရွယ် လည်း မဟုတ်တော့ ….
နွယ်လေးသာ မမ ဆိုရင် ကိုညီကိုပဲ ကြိုက်မှာ .. ယုံမှာ … ကိုလတ်က မညာပဲ တော်တာ … ပျော့ညံ့ညံ့ အားစက်စက်နဲ့ သူနဲ့ နေရရင် အရမ်း ပျင်းစရာကောင်းမှာ ..
အို … တော်ပါတော့ နွယ်လေးရယ်…
မိုးသာ ပန်းသွယ် လေး အနားက ခွါ၍ ရှောင်ပြေးခဲ့ ရသည် ….
သာ ပန်းသွယ်ခလေး နားကခွါ၍ ရှောင်ပြေး ရသည် … သူမ ကျွဲဖြ ထောင်ရေး စိမ်ကိန်း အွဲရေး အစီအစဉ်ကို ကဲ၍ ဂုန်ကုန်ကို ကာ ကိုလတ် ဖြင့် မြန်ဆုံး လက်ထပ်ပစ်ဖို့ ထိ စဉ်းစားသေးရဲ ….
အို … မဖြစ်သေးပါဘူးလေး …


ကိုလတ် ရန်ကုန်ကို ပြန်သွားကတည်းက ညီညီ အိမ်ကို ပြန်ခဲ့လျှင်... မိုး ညဉ့်နက် သန်းခေါင်အထိ မျှော်တောင့်ကြည့်နေမိသည်..
သမီး မအိပ် သေးဘူးလား..
ဪ...ဟုတ်ကဲ့.. နီကော အိပ်မပျော်ဘူး ထင်တယ်...
ဦးဖိုးဝရွှန်း သူမနှင့် မျက်နှာချင်းဆိုင် ခုံမှာ ဝင်ထိုင်ရင်း အမှောင်ရုံးရုံးဝဝကို လှမ်းမျှော်ကြည့်သည် .....
အိပ်မပျော်တာ ကတော့ အသစ်မဟုတ် တော့ပါဘူးကွယ်...



ဦးရဲ့ ကျန်းမာရေး အတွက် လိုအပ်ရင် ဆေးခန်းလေး ဘာလေး ပြသင့်တယ်...
ဖွတ်တရက် ကြားဖြတ်မေးခွန်း ကို ရိုး ဖြေမိမလို ဖြစ်သွား သေး၏...ရုတ်ချင်း ဣန္ဒြေဆည်ရင်း ခေါင်းညိတ်လိုက်ကာ ....
မလိုသေးပါဘူး ကွယ်... ရှိပါတယ်... ခုထိ သူ ပြန်မလာသေးဘူး မဟုတ်လား...
ကျွန်မ အိပ်တော့မယ်..
ဦးပိုင်ထွန်း ငြိမ်သက် တွေဝေကာ ထိုင်နေ ခဲ့သည်.....
...အို... သူ... သူ..အရက်တွေမူး လာတာပဲ...


မြင်းထက်မှ ဒယီးဒယိုင် ဆင်းလာ၍ မြင်းဇောင်းဆီ သွားနေသော သူ့ခြေလှမ်းတွေက ဒရွတ်တိုက်နေ၏..
သူ့ကို... သူမလိုပင် ကော်ရစ်တာတွင် ထိုင်၍ ငေးကြည့်နေသော ဦးမိုင်ထွန်းကို တွေ့ရ၏
မြင်းဇောင်းထဲ ဝင်သွားသော သူ ပြန်ထွက်မလာတော့ပါ...
သည်လိုချည်း သူ ပေပေတေတေ လောလောလွင့်လွင့်နေသွားလျှင်..
သူ့ကို ငါ လာပြီး နှိပ်စက် ဖျက်ဆီးနေတာနဲ့ ဘာထူးတော့မှာလဲ...
မိုး ရှင်ထဲမှာ လိုက်လှဲနှင့်သီး စားလိုက်ရ၏ ...တွေဝေ မောဟများဖိတ်ဝှက်သော ညက မိုချုပ်ချောက်ချားစရာ ဖြစ်လာ၏ .....
ဒို... ငါ ဒီက ထွက်သွား သင့်ပြီ ....


ပ်ဖုနဲ့ တရေးနိုးလာချိန် ဖြစ်သည်...
း‌ေပါင်လွှန် အသွားဓါတ်က
ကျပြားထဲ နှစ်ဝင်လာချိန် မိုး
င်ကို ဒွဲဂွင်း လေတသွင်သွင်တိုးဝင်
သော ပြတင်းကို သတိထားမိ၏ ...
အို... ဪ...
ပြတင်း မပိတ်ပဲ
အိပ်ပျော်သွားတာ
ပါလား ....
ပြတင်းကို ထပိတ်ရင်း အိမ်ရှေ့ကော်ရစ်တာ
မှာ ညဦးကတည်းက ထိုင်လျက်အိပ်စက်
နေသော ဦးပိုင်ထွန်းကို မြင်လိုက်ရတော့ ...
ဟယ်!
ခုကွပါပဲ...



အိပ်ရာထဲ ပြန်မဝင်ဖြစ်တော့... စောင်တစ်ထည်ကို ဆွဲယူကာ အိပ်ရှေ့ကို ထွက်လာခဲ့၏.... အိပ်ခန်း အတွင်းမှာပင် စိမ့်နေသောင် အအေးဓာတ်က ပိုနေသည်မို့...
တစ်ခုခုများ ဖြစ်ရင်တော့ ဒုက္ခ...
ဦးပိုင်တွန်း မှာ နှပ်နှပ်ကြီးကြိုက်ကြိုက် အိပ်ပျော်နေဟန်ရှိသည်.... လက်ထဲမှ စောင်ကို အသာဖြန့်ခြုံပေးရင်း မြင်းစောင်းဘက်ကို လှည့်ပြန် ငဲ့ကြည့်မိပြန်သည်....
သူကော ဘယ်လို အိပ်နေသလဲ... မြူး မြူးနဲ့...
ပြင်မောင်း ရှိရာသို့ ခြေဦး တည့်မိပြီးမှ...
အတန်ကြာအောင် ချီတုံချတုံ ဖြစ်နေသေးသည်.... စိတ်ဝိညာဉ်၏ လျှို့ဝှက်နက်နဲသော စေ့ဆော်မှုကို သူမ ထိန်းချုပ်နိုင်ရန် ခွန်အားမရှိ.... မြင်းစောင်းထဲကို သူမရောက်သွားချိန်မှာ
သူက မြင်းစာ မြက်ခြောက်ပုံ ပေါ်တွင် ကွေးကွေးလေး အိပ်စက်လျက်
အို... သွားလို့ဖြစ်ပါ့မလား
ဖြစ်ရလေ ကိုညီရယ်...



မ၏ အပေါ်ဝတ်
ရွေး အင်္ကျီကို ချွတ်
သူ့ ကိုယ်ပေါ်
ခြုံပေးလိုက်၏ ...
ယင်ယင်လေး ကတည်းက အဖော်သဟ
ဲသူ ... မုဆိုးတစ်ယောက် ... အလုပ်ကြမ်း
သမား တစ်ယောက်၏ ဝိရိယစိတ်ဖြင့်
အသားကျနေသူ တစ်ယောက်မို့ သူ့
သတ်ခန့် နိုးလာသည် ....
လိုက်သော သူ့မျက်ဝန်း
မှ သူ လုံးဝ မျှော်လင့်
ားသော မိုးရဲ့ မှုန်ပိုင်ကို
ဖုံတကြည့် မြင်ရ၏ ...
ပ်မှုံရှုံ့မှုံးဖြင့် အိပ်မက်
က်ရှု၍ ထင်မိဆဲ ....
ဟင်! ...
မိုး ထိတ်လန့်
ကြောက်ရွံ့ခြင်းဖြင့်
နေရာမှ ပြေးထွက်
ဖို့ အလှည့် ....
မိုး ...
အို ...
သူမ၏ သန္တာကိုယ်လေး
တစ်ရှုလုံး သူ့ရင်ခွင်ထဲ
ပြိုလဲသက်ဆင်းသွား
သလို ... နှစ်ယောက်
လုံး မြက်ခြောက်ပုံထဲ
မြုပ်ဝင်သွားသည် ....



အချိုးအစား ပြေပြစ် ညီညာခြင်းမရှိ
သော လေနှင့် ခံစားစိတ်တွေ
တစ်ကိုယ်လုံးမှာ ရိုင်းရိုင်းဆန်ခတ်
လည်ပတ် စီးဝင်းသောည ..... သန်မာ
သော .. အားအင်ကြီးမားသော သူ၏
ရင်ခွင်ထဲမှာ မိုးသည် ဘာကိုမှ
ငြင်းဆန်တော်လှန်နိုင်စွမ်း မရှိတော့ ...
ချောက် ချားသွေးပျက်ဖွယ်
အိပ်မက်ဆိုးကြီး ထဲမှာပင်
ရနံ့သင်းသော ပန်းတစ်ခင်း
ထဲမှာ လူးလွန့်ရင်း အေးမြိန်
ချိုမြသော ပန်းဝတ်ရည်တို့ကို
တစ်ဝကြီး သောက်သုံးရသော
လိပ်ပြာကလေး တစ်ကောင်၏
ကျေနပ်ခြင်းဖြင့် ဖျပ်ဖျပ်လူး
ရင်ခုန် မောဟိုက်ခဲ့ ....


ဒို... မိုးလင်း
တော့မယ်... မိုး...မိုး...
သွားပါရစေတော့...
မိုးရယ်...
သူ့ ရင်ခွင်မှ မိုး အတင်းရုန်းကန်ထွက်လိုက်ပေ.... သူ့
မျက်ဝန်းတွေက မိုး အပေါ်မှာ တွယ်ကပ်ညှိမင်နေသလဲ...
မိုး၏ လက်ကို ဆုပ်ပြီး ဆွဲညှစ်ထားသလဲ...မိုက်မဲ
မှားယွင်းမှု နွံထဲ နစ်ခဲ့ပြီးပြီ ဆိုသော နောင်တမျိုး
မိုးကော သူ့မှာပါ မရှိ ... ပိတ်သို့ တားဆီးခံထားရသော
ချောင်းမြောင်းကို ဖယ်ရှင်းဖြောင့်ဖြူးပေးလိုက်ခြင်း
ကြောင့် အတားအဆီးမဲ့ စီးဆင်းနိုင်ပြီးသောအခြေအနေ ...
မိုး...မိုးသွား
တော့မယ်...
အင်း ....
မိုး၏ နှုတ်ခမ်းပြင်ကို
သူ အငမ်းမရ
နှုတ်ဝတ်အနမ်း
ပေးနေသေး၏ ...


ခြင်းကောင်းမှ ထွက်ခွါ
လာသော သူမ၏
ခြေလှမ်းတွေက ဒယီး
ဒယိုင်...အသိခံစားစိတ်
တွေက ဂီလေ နေသဲ...
အိမ်ဖ၏ ကျောကားထစ်ကို သူမ နင်းတက်မိချိန်မှာ
ကော်ရစ်တာမှ ထိုင်ရင်း သူမကို မျက်လုံးစိမ်းတွေနှင့်
ကြည့်နေသော ဦးပိုင်ထွန်းကို တွေ့လိုက်ရ၏....
ဒို...
မိမိထံမှ ဖယ်ခွါဝေးလွင့်နေသော သိစိတ်တွေ ရုတ်ချည်း
ပြန်လည် ပူးကပ်လာ၏ .... မုန်တိုင်းအခဝင်ခံရသော ပန်းကလေး
တစ်ပွင့်နှယ် ဖရိုဖရဲ ဖြစ်နေသော သူမကိုယ်သူမ ပြုပြင်
သိမ်းဆည်းဖို့.. အချိန်မရတော့.....
မိမိကိုယ်မိမိ ရှက်ခြင်း
စိုးရွံ့ခြင်း ကြောက်ခြင်း
များဖြင့် အိမ်အတွင်း
ပြေးဝင်လာမိသည် ....


အခန်းတံခါးကို ပိတ်ကာ အိပ်ရာ
ထက် လှဲချ၍ငိုကြွေးပစ်လိုက်ရ၏...
မိမိသည် ပညာတတ်သော ...
ဆင်ခြင်တုံတရားကြီးသော... လိမ္မာ
ယဉ်ကျေးသော ... လူမှုစည်းကမ်း
နားလည်သော မိန်းကလေး
တစ်ယောက် မဟုတ်တော့ပြီ...
မေမ ...
ဒုန်း ...ဒုန်း ...
မမ အိပ်ရာ နိုးပြီလား ...
ပန်းသွယ်ကလေး၏ အသံမှန်း ခွဲခြားသိနိုင်လာ၍ အိပ်ရာမှ လူးလဲထမိသည် .....
ကော်ဖီသောက်ဖို့ ဖေဖေကြီးနဲ့ ကိုညီတို့ စောင့်နေကြတယ်...


မိုး သူတို့ကို ဘယ်လို
မျက်နှာချင်း ဆိုင်မည်လဲ...
ချက်ခြင်း ထူထူမှုမှု ဆုံးဖြတ်
လိုက်သည်က....
ဪ... ဒီက
အမြန်ခရီးထွက်သွားတာ
အကောင်းဆုံးပဲ...
မိမိ၏ အဝတ်အစားတွေကို
အလျင်အမြန် ထိုးသိပ်
သိမ်းဆည်းထည့်သွင်း၍ ခိုး
ခေါင် သေတ္တာကို ဆွဲကာ
အခန်းဝမှ လှမ်းအထွက်...
မိုး ...
ဟင်! ...
ကို...ကိုညီ...
သူက မိုးကို ဆွဲကိုင်ရင်း ပန်းသွယ်ကို
ထွက်သွားဖို့ လက်ခါပြလိုက်သည် ....
ပြီးတော့ မိုး၏ အခန်းတံခါးကို သူကိုယ်တိုင်
ပိတ်လိုက်ရင်း မိုးကို စူးရှစွာ စိုက်ကြည့်နေ၏...
မိုးသည် စပါးကြီးမြွေ၏
ညှို့ငင်ဖမ်းစား ခံရမည့်
သားကောင်ငယ်လေးမျှသာ...

အခန်း ( ၂၁ )


ကြားရသည့် သတင်းကြောင့် သူ့တစ်ကိုယ်လုံး သိမ့်သိမ့်တုန်ရသည်... ကျွမ်းကျွမ်း ပြင်းထန်သော လေဒနာ အစုအဝေးကို သူ မျိုသိပ်မထားနိုင်... ဖုန်းကို လက်ထဲမှ ပစ်ချလိုက်၏ .....
မေမေ၏ စိုးရိမ်တကြီးအမေးကိုပင် မဖြေ ... ကားသော့ကို ကောက်ယူကာ အခန်းထဲမှ ပြေးထွက်လာခဲ့၏ .....
သား ... ဘာလဲ ...
ဘယ်ကလဲ...


ကားကို အပျော်နှင့် ဖြည်းဖြည်း မောင်းထွက်လာသော သူ့ နောက်မှ ပေပေ မြေးထွက်ငေးကြည့်ပြီး ကျန်ရစ်သည် ...
ဂျွန်ကျွန် နှင့် ပေပေ့၏ အိမ်ကို ကမ္ဘာ့ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းလောက် ဝေးသည်ထင်မိ၏ ... အရေးထဲ ကားက ခပ်ကျွန်သွား၍ လမ်းမှာ ခဏဝင်ဖြည့်ရသေးသည် .... သည်အချိန်ကလေးကိုပင်လျှင် သည်းမခံနိုင် ....
စားသောက်ဆိုင် တစ်ခုထဲ ဝင်မိ၏ ..
ဘာ သုံးဆောင်မလဲ အစ်ကို ...
အရက်ကွာ.. အပြင်းဆုံး အရက်သာ ချပေး ...


ိုယ်ရေ အရက်
၍ သောက်နိုင်မည့်
ည် .... အရက်ကြောင့်
ပနေသော ဝေဒနာ
ကို သူ ခံနိုင်ရည်
လာသယောင်မှတ်ရင်း
ယ့်ပြုံးတတ်လာ၏ ...
သူ့ ဖေဖေ့ အိမ်ကြီးမှာ ကားဂုပ်လိုက်ချိန်မှာ
အလုပ်သမား အားလုံး၏ ရိုးကျိုးမကင်းသော
မျက်ဝန်းတွေ သူ့ကားဆီ စုဝေးလာကြ၏ ....
တစ်ဦးတစ်ယောက်မျှတော့ သူ့ကို နှုတ်ဆက်
ခရီးဦးကြိုဆို မပြု ... ထူးခြားစွာ တိတ်ဆိတ်ခွဲ့အ
နေခြင်းက အခြေအနေ၏ နမိတ်ပုံများသာ..
အိမ်ထဲကို ဒယီးဒယိုင် ခြေလှမ်းတွေဖြင့်
သူ ဝင်လာ၏ ....
ဧည့်ခန်းမှာ တစ်ဦးတစ်ယောက်မျှ မမြင်...


ထမင်းစားချိန်ထဲ ရောက်သော့ စိတ်သောကဝေဒနာ များစွာကို မျိုသိပ် ထားရဟန်တူသော မေမေ နှင့် မျက်လုံး ချင်း ဆုံမိ၏ ....
မေမေ့ နဖူးမှာ မှိုင်းနေသော မိုးက သူ့ကို တစ်ချက်မျှသာ မော့ကြည့်ရင်း ခေါင်းကို ပြန်ငုံ့ထား၏ .....
ညီညီကတော့ ဘာ ပြစ်မှု မှ ကျူးလွန် မထားသလို သူ့ကို တစ်ချက်မျှသာ မော့ကြည့်ရင်း ....
ဟော ... ကိုလတ် ရောက်လာပြီ ... ကားသံကြားကထဲက ဝင်သွားပဲ ... ပန်းကန်လေးရေ ကိုလတ် အတွက်ပါ ထမင်းပွဲ ပြင်ဟော့ ... လာ.. ကိုလတ်...
သူ့ကို တမင် မသိမဲ့မြင် ဆက်ဆံသည် ထင်၏ ....
ဒီကို ငါလာတာ မင်း ကျွေးတဲ့ ထမင်းကို စားဖို့ မဟုတ်ဘူး။


ဟား ... ကိုလတ် အရက်တွေသောက်လာတယ်.. ဟုတ်လား...
လေလေ နေမကောင်းဘူး ကိုလတ် ... ကျွန်တော်နဲ့ ကိုလတ် ပြီးမှ အေးအေး ဆေးဆေး ဆွေးနွေးကြ..
မလိုဘူး ...ဘာစွာမှရှိတဲ့... စဉ်းကမ်းမရှိတဲ့ ... လူမဟုတ်တဲ့ မင်းနဲ့ငါ ဘာမှ ဆွေးနွေးစရာအကြောင်း မရှိဘူး ... ရှိုး ... ခုချက်ချင်း မင်း ဂုန်ကုန်ကို ပြန်လိုက်ခဲ့ရမယ် .... မင်းရဲ့ ပြစ်မှုတွေကို လေလေ့ရှေ့မှာ မင်း ငါ့ကို ဝန်ချ တောင်းပန်ရမယ် ....


သူက အပြစ်ကင်းစင်သူ ... သစ္စာနဲ့ ကျင့်ဝတ် ရှိမြတ်သူ ဆိုသော ယုံကြည်ချက် တစ်ရပ်ဖြင့် အထက်စီး သန်ဝင့် ဂြာကလေးစွဲ၏ ...ဒါပေမဲ့ သူ မျှော်လင့်သလို မိုးပြည့်က ဦးကျိုး အောက်ကျို့မလာခဲ့သည့်အပြင် နေရာမှ ရုန်းခဲ့ သကော .....
ဘာ... မင်း ...မင်းဟာ ...
ရှင်ကို ဘာဆိုင်လို့ ကျွန်မ ဝန်ချတောင်းပန်ရမှာလဲ... ရှင် ရူးနေသလား ...
ကိုလတ် ... တော်ပါတော့ ... ကျွန်တော် တောင်းပန်ပါတယ် ဖေဖေ ရှိနေတယ်...
ဟာ... မလိုဘူး... ဘယ်သူ့ကိုမှ ငါ မယုံကြည်ဘူး... မင်း ဖယ်စမ်း..
ကိုလတ် ... ခင်ဗျား သိပ်ရူး နေပြီ ...
မူးတာ ဝေနီးသလား.. ကဲကွာ ....


ထမင်းတွေ ဟင်းတွေ
ဘူ တစ်ကိုယ်လုံး ပေလူး
နေရာမှ ကြုံးထ၍
ကြိုးစားရင်း မေမေ၏
မျက်နှာကို စေ့စေ့ကြည့်မိ၏
ရှန်း ...
ဂွမ်း ...
ချွမ်..
ဂွမ် ...
ဒေါသဇာပျံ့ဖြင့် ဘုထိုးလိုက်သော
လက်သီးချက်က ညီညီ့ကို မထိဘဲ
အရှိန်လွန်ကာ ထမင်းစားပွဲ
အလယ်ကို မှောက်ကျသွား၏...
ပမေ့၏
ျက်နှာထက်မှ
ကျက်သားဆိုင်
တွက တခဝတ်
တတ် ကျန်နေ၏...
တ်ခမ်းတစ်ဖက်က
ကာက်ဘက်
ကောင့်တန်းတွန့်
ကွးနေသည် ....
ပမေ့ လက်တွေ
က စားပွဲအက်မှာ
ုတ်ခြစ် ကောက်
ကွး နေ၏ ....
မေ ...
မေမေ ...


ညီညီက မေမေ့ကို ပြေးကြွ ပွေ့ချီကာ အောက်ခေါ် ၏....
မိုးက စိုးကိုမ်တကြီးဖြင့်...
မိုး ကြံ့ပြီး သတိလေးလျော့နဲ့ ခေးခန်း အမြန်ပို့မှ ဖြစ်မယ်...
ဦးလေးအောင်ဖြင်..
ဦးလေးအောင်ဖြင်..
လာပါဦး....
တစ်ခြံလုံး ပျာယာခတ်ကုန်ကြသည်.... သူ့ကို ဘယ်သူမှ ဂရုမစိုက်နိုင်ကြတော့.... မြန်နှင့် ခုနစ်မိုင် နီးပါး ဝေးသော ခေးခန်းကို လဲလေ့အား အချိန်မီ ပို့ပေးကြဖို့ လောဇော် နေကြပြီ.... သူ မှားပြီလား.....
သူ နေရာမှာပင် တစ်ယောက်ပမာ သွားသူ တစ်ယောက်ပ ကြုံကြုံပါအောင် ငိုနေမိတော့၏.....




အခန်း (၂၂)
ပေပေ၏ ကိုယ်ခန္ဓာ တစ်ခြမ်းက လုံးဝလှုပ်ရှား မရတော့ .... ပါးစပ်နှင့် မျက်နှာတစ်ခြမ်းက ရွဲ့စောင်းသွား၏ ....
အား ....
အူး ... ရူ ...
စကားလုံးတွေ အစား ထွက်လာသော အသံ တွေက စိတ်မချမ်း မြေ့ဖွယ်... ခရာဝန်က သူ့အတွက် စိတ်ရှည် လက်ရှည် ပြုစုမျိုး ထောင်ပေးရုံသာ ရှိသည် ဆိုသော အဖြေကိုသာပေး၏...
ပေပေ့ကို ဆေးရုံတင်ထားရသည်... ရက်သတ္တတစ်ပတ်လုံး သူ့ရှိနေခဲ့ သော်လည်း ညီညီနှင့် မိုး တို့ကို အတတ်နိုင်ဆုံး ရှောင်နေခဲ့၏... မိုးကတော့ အချိန်ပြည့် ပေပေ့ အနားမှာ ရှိနေ၍ ရှောင်ရခက်သည်...


မေမေ့ကို အိမ်သို့ ပြန်ခေါ်လာတော့ သည်မှာ သူက လူပို တစ်ယောက် လို ဖြစ်နေသည်... သူ့ကြောင့် ညီညို ပင်လျှင် အိမ်ကို ရှောင်ခွါနေပြန်၏...
သည်အတွက် မိုးပြည့် အနေရ အထိုင်ရခက်နေမှန်း လည်း သူ သိနေ၏ ....
မိုးကို သူ စကားပြောရန် ကြိုးစားတိုင်း လည်း .....
ကိုလတ် လိုအပ်တာ ရှိရင် ပန်းကလေးကို ပြောပါ။ ဦးအတွက် မိုး အဝတ်တွေလျှော် ရဦးမယ်... ပြီးတော့ ကြက်အစာ ကားတွေလာရင် ဂိုဒေါင်ထဲ ထည့်ဖို့ စီစဉ်ရဦးမယ်....
ဦးလေးအောင်မြင် တို့ လင်မယားတွေ ရှိတာပဲ ....
အို... သူတို့ တာဝန်နဲ့ သူတို့ပါ... မိသားစု အလုပ်မှန်သမျှ သူတို့ခေါင်းပေါ် ပုံချလို့ ရမလား ....



မိုး၏ စကားက
ကဖြစ်အနေတစ်ရပ်ကို
ပါသွန်းနေကြောင်း
နှုးလည်လိုက်၏..
တွက်ခွါမသွားမီ
ဟပင် .....
မိုး ...
ဂျန်ကျန်ကို ...
ကျွန်မ
အန်တီမေ အတွက်
သီးသန့် စာတစ်စောင်ရေးထား
ပါတယ် ....ကိုလတ် ပြန်တဲ့အခါ
ယူသွားပေးပါ... ကဲ.. ဦး
အနားမှာ နေခဲ့ဦး...
မိုး ထွက်ခွါသွားသည်ကိုသာ
သူ ငေးကြည့်ကျန်ရစ်သည်..
သူ့အဖြစ်ကို အိပ်ရာထက်မှ
ဖေဖေက တစေ့တစောင်း
ကြည့်နေရာမှ .....
အ... အု...
အူး .... ဗူး ...
ဖေ ... ဖေဖေ ...
ဘာပြောချင်လို့လဲ ...
လှုပ်ရှားနိုင်သေးသော ဖေဖေ့
လက်တွေက အိပ်ရာခင်းပေါ်မှာ
ရေးခြစ်ပြနေ၏ ......



သူ သဘောပေါက်သွား၏.... ကမျာကယာ ဘောလ်ပင်ကို အိပ်ကပ်ထဲမှ ဖြုတ်၍ ဖေဖေ့ လက်ထဲ ထည့်ပေးလိုက်သည်....
သူ့ လက်ဖဝါးပြင် ထက်မှာပင် ဖေဖေက ကြိုးစားရေးခြစ်ပြသည်...
မင်း... ဂျွန်ကို ပြုပါ...
ဗျာ! ... ကျွန်တော် ...
ဖေဖေ ခေါင်းကို တွင်တွင် ငြိမ့်သည်... ပါးစပ်ကသာ ပြောဖို့ ကြိုးစားရှင်း မျက်ရည်တွေ စီးကျလာ၏
အု.... အ...အ... အူး ....
ဖေဖေ မည်မျှ စိတ် ထိခိုက် ပင်ပန်းနေပြီ ကို သူသိပါသည်....


ပေပေ ပင်ပန်းနေမယ်...
သား နားလည်ပါတယ် ပေပေ ...
တကယ်က သားဟာ ပျော့ညံ့တဲ့ သား
တစ်ယောက်ပါ ... ကြုံကြိုက်ခဲ့ရတဲ့ အခြေအနေ
တစ်ရပ်ကို လက်ခံနိုင်ဖို့ မကြိုးစားပဲ
အကျည်းတန်အောင်သော ပုန်ကန်နေခဲ့တာပါ...
သား သိပါတယ်... ဒီမှာ သား ဆက်ပြီး
ရှိမနေသင့်တော့ဘူး ....
စကား အဆုံးမှာ
ပေပေက ခေါင်းကို
ညိတ်သည်..
လက်
သူ့လက်
ဖျစ်ညှစ်ရင်း...
အ ...
အု ...
အု ...
ပေပေ တောင်းဆိုနေသော
စာရွက်လွှတ် တစ်ရွက်ကို
ရှမှာ ပြန်ခင်းပေးတော့ ...
သား ...


ဟာ... မေမေနဲ့ ဒီကိစ္စ မဆိုင်ပါဘူး မေမေရယ် ....
သိတယ်... မိုးပြည့်တာ ညီညီ့ကို စတွေ့ကထဲက ကြိုက်နေတာ.... မင်းသို့ ကိုယ်တိုင်လည်း ဒီလိုပဲ... ဒါ... အချက်ကို လျှို့ဝှက် နက်ရှိုင်းတဲ့ ကိုရှုပဲ သား... ဒါကို မင်းအမေ မသိဘဲ... အကာမခံတာဘဲ မင်းနဲ့ မိုးပြည့်ကို စီစဉ်ခဲ့တယ်....
မေမေ့ကိုသာ သူ တအံ့တဩ ငေးကြည့် နေမိသည်...နောက်ထပ် စာရွက်တစ်မျက်နှာမှာ မေမေက ထပ်ရေး၏...
ညီညီ့ကို မင်း အပြစ် မတင်သင့်ဘူး ... မိုးကိုလည်း နားလည်နိုင် ရမယ် ....တကယ်က... မင်း အပြစ်ပဲ သား ... မင်းကို ဒီမိန်းကလေး တကယ် ချစ် မချစ် အကဲ မခတ်ဘဲ တစ်ဖက်သတ် မင်းဘာသာ စိတ်ကူးယဉ်ခဲ့တာတွေပဲ...


ဟုတ်ပါတယ် ဖေဖေ
သားမှားပါတယ်... ဒီအတွက် သား
ကြေကွဲ ခံစားခဲ့ရပါတယ် ... သားဘဝမှာ
တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ရဖူးတဲ့
ဝေဒနာကြီးကို ခံစားခဲ့ရတာပါ...
မင်း ယောကျ်ားပဲကွာ ... ယောကျ်ားဆိုတာ နာကျင်မှုတွေကို သိမ်းပိုက်ရမှာပေါ့ ....
ဘဝနဲ့ ခံစားမှုကို လက်တွေ့ကျကျ လက်ခံရတဲ့ သတ္တိကိုတော့ မင်းတို့ ဦးဦ့ ဆီမှာ သင်ကြား
ရလိမ့်မယ် .... ဒါကို ကောင်းတဲ့ အရည်အချင်းလို့တော့ ငါ မဆိုလိုပါဘူး ....
ရှိလေမဲ့ တွေဝေမှိုင်ငိုင်နေတာထက်တော့ ပိုပြီး လက်တွေ့ဆန်တယ် .... ဖိုးပြည့်ကို
ရှိအစွမ်းသတ္တိနဲ့ ညီညီက သိမ်းပိုက်လိုက်တာပဲ .... မင်းညီရဲ့ စိတ်ဓါတ်ကို မင်းသိတာပဲ ....
သူ့ လိုချင်တာ ရဖို့ ယူဖို့ ဘယ်လို ပြဿနာမျိုးကိုမှ ကြောက်ရွံ့ ငြင်းဆန်သူ မဟုတ်ဘူး ....
ယေသုပ် သားတွေအပေါ်မှာ
ကျနန လေ့လာနားလည်ထားသူ
တာ ငြင်းစရာ မလိုပါ ....
အတွက် အဖြေက ရှင်းနေပြီ...
တ်ပြိုပုံမှအပ အခြားမရှိတော့ပြီ...

# ပြာကွဲမိုးတိမ်

အခန်း (၂၄)



မိုးမှာ ကိုယ်ဝန်ရှိနေပြီဟု သိလိုက်ရတော့ အရမ်းပျော်သွားသည်...
မိုး အစားအသောက်ပျက်တာ ... မူးတာ .. မောတာ .. အသက်ရှူမဝတာကို
စိုးရိမ်ခဲ့သော အဖြေက ရှင်းသွားသည်....
ကိုယ်ကတော့ သားလေးပဲ လိုချင်တယ် မိုးကကော...
သားပဲဖြစ်ဖြစ် သမီးပဲဖြစ်ဖြစ် ချစ်ရမှာပေါ့ မောင်ရယ်...




မှန်ပါသည်… အိမ်မှုကိစ္စ လုပ်ငန်းခွင်ထဲမှာသာ
မိုးလင်း မိုးချုပ်ခဲ့ကြသော သူတို့ လင်မယားက
လေလေ့ကို အချိန်ပြည့် အဖော်မပြုနိုင်ခဲ့ပါ....



သူတို့၏ ရောဂ
စီးကိုနီးကြီးအတွက်
ဘက်က ငွေကုန်
ပေးပြီးတော့ညီက
အလုပ်မှာသော
အားသွန်ခဲ့ကြရ
သည်ပင် .....
ဖေဖေ
မြေး ရတော့မယ်
သိလား ...
ဖေဖေ အားရပါးရ ပြုံးတိုင်း ပါးစပ်က
ပုံပျက်ပန်းပျက် ဖြစ်သွား၏ ... ဖေဖေ
ပြောချင်တာ ပြောနိုင်အောင် ကျောက်သင်ပုန်း
တစ်ချပ် ရှာ၍ လည်ပင်းမှာ ချွဲထားပေး
ရ၏ ..., အင်္ကျီအိတ်ထဲမှာလည်း
မြေဖြူတောင့်တွေ ထည့်ပေးထားသည် ...
ကောင်းတာပေါ့ကွာ ....
ငါ့မှာ ပျင်းလို့ ...
သေချင်နေတာ ...
မသေနဲ့ဦးပေါ့
မြေးကလေးနဲ့
ကစားဦး ...


အား ...ဝီ မသေချင်တော့ဘူး ....
ဝီ မြေးတွေနဲ့ အကြာကြီး
နေချင်သေးတယ် ....
ယောက်ျားလေး
ယူမလား မိန်းကလေး
ယူမလား ...
ဝီ လစ်ဦး... မင်းက ဘာရှိလဲ ...
ဘာကူးမေးတာပေါ့ကွာ...
ဘာရွေးရွေး
မိမြေးပဲ ....
သူတို့ ရယ်ကြသည်...
ဒါကိုပဲ ပန်းသွယ်က
ငေးကြည့်ရင်း ရင်မှာ
တမြေ့မြေ့ ခံစားနေရ၏...


အိမ်ထောင်သက် သုံးနှစ်လောက်ကြာမှ သား
တစ်ယောက် မွေးဖွါးပေးဖို့ ဖြစ်ဖြစ်မည် အားခဲရသော
မိုး ကို အားမရ .... သူမကိုယ် သူမ
မှန်ထဲမှာ စေ့စေ့ကြည့်မိ၏ .... အရင်က သူငယ်
နှပ်စား မပျောက်တော့ .... အလယ်တန်းအောင်ပြီးသော...
ဆရာအတတ်သင်ကျောင်း ပြီးလုနေပြီ ဖြစ်သော....
သားကောင်းမိခင်
တစ်ယောက်၏
အင်္ဂါရုပ်တို့ဖြင့်
ဖွဲ့စည်းတည်ဆောက်
ထားသော မိန်းမကြီး
တစ်ယောက်
ဖြစ်နေပြီ ....


ဆုမကို မြင်ဖူးသောယောကျ်ားတိုင်း သူမ၏ ရွှဲမက်ရှောက် ချားမွှယ်
အလှဂယက်ထဲ ချာချာလည်သွားကြရတာလည်း အသိ .....ဒါပေမဲ့
သူမ၏ အိပ်မက် ပျောက်ဆုံးခဲ့ရသည်ကိုတော့ ဘယ်သူသိပါမည်လဲ..
သည့်အတွက် မနာလို မရှုစိမ့်ခြင်း မပါတတ်သော ကြေကွဲစိတ်က
အမြစ်တွယ် ၃ ကျ်ရာလို အမြဲလှိုက်စားနေခဲ့သည်သာ ....
တကယ်တော့ ငါ ဒီမှာ တွယ်ကပ် မနေသင့်တော့ဘူး..
ဆရာဖြစ်သင်တန်းကို အမြန်ပြီးဆုံးစေချင်သည်...
တာဝန်ကျရာ အရပ်ကို စွန့်ခွါသွားရောက်ရင်း
န်းကျင်သစ်မှာ ကုစားလိုသည်... သည်လို
အခြေအနေမှာပင် ....
နှင်း ဆရာမဖြစ်တော့
ဘယ်လောက်ရမှာလည်း ပန်းကလေး
ရယ်... နှင်း ရမယ့် လစာလောက်
တော့ ငါ ပေးနိုင်ပါတယ်...
လုပ်မနေနဲ့ ....


ကိုညီရဲ့ စကားလုံးက
သူမကို နာကျင်စေ
ခဲ့ သည်သာ ....
အို...ငွေက
အဓိက မဟုတ်ပါဘူးနော်..
ကိုယ့်ဘဝ ကိုယ့်ဂုဏ်သိက္ခာနဲ့
ရပ်တည်ခွင့်ဟာ ပန်း အတွက်
တော့ ငွေကြေးထက်
အရေးပါတာပဲ ကိုညီ...
ဒီဟား ... ဟား ...
စကားလုံးကြီး ပီရနိုးမယ်..
ရွှေမလေး ဒါတောင် ဆရာမ
မဖြစ်သေးလို့ မိုးရေ ...ဆရာမ
ကြီးသာ ဖြစ်ရင် တို့တွေပါ
သူ့စကားလုံး ဖိမှာ ဖိုးဂိုဏ်ရ
တယ်ကွ... ဟား... ဟား


ပန်း ပြောတာ မှန်တာပဲ မောင်ဂုယ်... ပွတ်တယ် ပန်း ... မိုးကတော့ ပန်းကို ထောက်ခံတယ်... ကျောင်းဆရာမ အလုပ်ဟာ တကယ့်ကို မွန်မြတ် အရေးပါတဲ့ အလုပ်ပဲ... မိုး ကိုယ်တိုင် အရင်က စိတ်ကူးယဉ်ခဲ့ဖူးတယ်လေ ...
ဒီပေမဲ့ လူဆိုတာ စိတ်ကူးယဉ်ပုံနဲ့ ကံအကျိုးပေးက မပြည့်စုံတူး မဟုတ်လား.... အဟင်း..ဟင်း.. ကြည့်ပေါ့... ကုမ္ပဏီရဲ့ စီမံကိန်း အရိုက်တာ နေရာကနေ ပေါ်ဒီက လူကြမ်းကြီးရဲ့ မယား ဖြစ်လာပြီး တစ်နေ့ တစ်နေ့ ပျော်လိုက် မွတ်လိုက် ချက်လိုက် ပြုတ်လိုက် ဒြ် အလုပ်လည်းပြေးလုပ် လိုက်... အဟင်း ...ဟင်း..ဟင်း..
ကိုယ်တိုင် ရယ်သော ရခဲ့သော်လည်း တရှိသော... သုံးနှစ်တာ ကာလအတွင်း သည် မ်ထောက်မှု သံသရာ ကို အကြိမ်ကြိမ် တွေ့ခဲ့ဖူးသည် ....


ပန်းရွယ် သင်တန်းဆင်း သည်နှင့် တာဝန် ကျရာကို ထွက် ခွါ သွားရ၏....
သည်အတွက် ပန်းရွယ် ရှိစဉ်က ခိုသာခွင့် ရခဲ့သေးသော မှိုး အဖို့ ဝန်လေးရလေသည်။ လေဖြတ်ထားသော ဒုက္ခိတ ယောက္ခမကြီး၏ အမှုကိစ္စကအစ သူမ အပေါ်မှာသာ သက်ရောက် လာခဲ့သည်.... ညီညီကတော့ ကိုယ်ဝန် မပေါ့မပါးကြီးဖြင့် ရှိန်းကို ကြည့်ကာ.....
မှိုး ပင်ပန်းရင် ဖေါ်လေးမြကို လူ တစ်ယောက် ငှါးခိုင်း ပါလား....
အို ... အပိုကုန်ပါတယ် မောင်ရယ်...
အပိုတော့ ဘယ်ဟုတ်ပါ့မလဲ မှိုးရယ် ... လရင့်လာရင် မှိုး ဒီလောက် အပင်ပန်း မခံသင့်တော့ဘူး...


မိုးတိုက် မိုးလည်း သိသည်...
ကိုယ်ဝန်က ကြာလေ လေးလံ
လာလေ...ဒီလေမဲ့ မိုးတို့
စိမ့်ကိန်းက အစပိုင်း ချောမွေ့၍
အလားအလာ ကောင်းခဲ့ပြီးမှ
နောက်ပိုင်း အခံ့အချုံးတွေ
များလာတာ သိနေတော့...
ခုနေတော့ မလိုအပ်သေးပါဘူး.. မောင်ရယ်..လိုအပ်တော့လည်း ပေါ်တာပေါ့...
ပန်းသွယ် မရှိတော့. ပန်းသွယ်၏ မိခင် ဒေါ်လေးမြ ကိုယ်တိုင် လာ၍ကူညီခြင်း လူက ခိုသာခွင့်ရလာသော်လည်း စိတ်က ခိုသာခွင့် မရပြန်....
ဘုရား...ဘုရား... ဒီလပုံစံအတိုင်းသာ အရှုံးပြရင် ဘဏ်နဲ့ ဘယ်လို ရှင်းမလဲ.... စီမံကိန်းကာလ ပြီးတာနဲ့ ဘဏ်နဲ့ရှင်းဖို့ ရှိပြီး ခက်ပြီ ထင်တယ်....
စာရင်းဇယားအပေါ်
ဘယ်တုန်းကမှ စိတ်
မဝင်စားသော ညီညီက
တော့ သူမလို သောက
မရှိ... အိပ်ပျော်စားဝင်ဆဲ..
သူမသည်သာ....

အခန်း ( ၂၅ )



သတ်မှတ်ငွေ မသွင်းနိုင်ခဲ့သော ပျက်ကွက်မှုတွေ့ကြောင့် ဘဏ်ကိုယ်စားလှယ်တွေ ရောက်လာတိုင်း တာဝန်ယူ ဖြေရှင်းရတော့လည်း မိုး .....
ကျွန်တော်တို့ လိုချင်တာ သတ်မှတ်ထားတဲ့ အွင်းငွေ စာရင်းပဲ ဒေါ်မိုးပြည့်ပြည့် အကြောင်းပြချက် မပါဘူး... ခင်ဗျားတို့ လုပ်ငန်းကို ဘဏ်က သိမ်းဖို့ အထိ ဖြစ်လာရင် ဒီ့ထက် အရုပ်ဆိုးလာလိမ့်မယ်...
ကျွန်မတို့ အခြေအနေမှန်ကို ရိုးရိုးသားသား တင်ပြတာပါ ... ဘယ်သူမဆို အကျိုးအမြတ်ပဲ မျှော်လင့်ကြမှာပါ ...ရင်ဆိုင်ရတဲ့ အရှုံးအပေါ်မှာ မိတ်ဆွေရင်းချာလို ဖြေရှင်းနားလည်ပေးဖို့ ခက်တတ်ကြပါတယ်...
ရှင်...ဒီအထိ ရှင်တို့ စဉ်းစားနေပြီလား ....
အို... လုပ်ငန်းလုပ်စဉ် တစ်ခုပါ...


တစ်ချိန်လုံး ငြိမ်ကျ
နားထောင်နေသော
ဦးပိုင်ထွန်းက
အား ... ရူး ..
အူး ... အား ...
သင်ပုန်းပေါ်က စာကို ဖတ်ရင်း ဘက်ကိုယ်စားလှယ်တွေ
ရှုံ့ရှုံ့ရှားရှား ဖြစ်ကြ၏ ... မိုးအာရနေဖြင့် ယောက္ခမကြီးကို
ဖြေသိမ့် ပြောင်းလျှော့ပြန်သည် ....
င်းတို့ သတ္တိရှိရင် လာသိမ်းကြည့် ပေါ့ကွာ ....
ဦး အသာနေပါ ... ဒီကိစ္စ သမီး ဘာသာ ရှင်းပါ့မယ် ...
အု ...
အူး ...
ဒီကောင်တွေ အားလုံး
ဓါးပြတွေ ခါးပိုက်နှိုက်တွေချည်းပဲ ...
ဘက်ခိုတဲ့ ဆိုင်းဘုတ်တင်ပြီး
လူတွေဆီက လုဖို့ နှိုက်ဖို့
ချောင်းနေတာ ....
ခင် ... ခင်များ ...
မစော်ကားပါနဲ့ ...



နေရာမှာပင် မိုး.. လဲသေလိုက်ချင်အောင် စိတ်ပျက်ရသည်... ဘကော် ကိုယ်စားလှယ်တွေ ချက်ချင်းထပြန်သွားကြသည်...
မိုး စန္ဒာကိုယ်ကြီး ခြေဆွံ့အားထဲ နစ်ဝင်သွားသော တုန့်ပြန်မှုမဲ့ အရာဝတ္ထုတစ်ခုလို ပုံကျသွားသည်
နေနိုင်လိုက်တာနော်... ကိုလတ်ဂုယ် ... နေနိုင်လိုက်တာ အား ... ကျွတ် ..ကျွတ် ...ကျွတ်... ငါ့ ဗိုက်ထဲက ဘာဖြစ်တာလဲ... တစ်မျိုးကြီးပါလား ...အား ...
ဝေဒနာက လျော့မသွားတဲ့ တဖြည်းဖြည်း ခံနိုင်စွမ်းမရှိအောင် တိုးလာတော့ ဆိုဖာခုံ ကုရှင်ပေါ်မှာပင် အလူးအလဲ နှိုးပိုင်တွန့် ချွေးများကို ငေးကြောင်ကြောင် ကြည့်နေရာမှ အခြေအနေကို သိသွားကာ ....


ဒီမြင်ကို ရေစုတ်ချွေခွဲ လြေးထွက်ရင်း လည်ပင်းက
သင်ပုန်းမှာ ....
အ ... အ ... အား ...
မိုး ဖိုက်နေရှေနေပြီ ...
ညီသီကို အမြန်
ခေါ်ပေးကြ ....
အရေးကြီးတယ် ....
လုပ်ငန်းခွင် ဝင်ချိန်မို့
အနီးအပါးမှာ ဘယ်သူမှမရှိ..
ခေါ်မြကလည်း အခါတိုင်းထက်
နောက်ကျနေသည် ....
ဦးပိုင်တွန်း တစ်ကိုယ်လုံး
တဆတ်ဆတ် တုန်နေသည်...
ရှေ့တွင် ချိတ်တားနေသော
ကောင်ကုန်းကို မော့ကြည့်သည်...
သည်ကောင်ကုန်းကိုကျော်နိုင်မှ
စိုက်ခင်းထဲမှ ကူညီနိုင်မည့်သူ
တစ်ယောက်ယောက်ကို
တွေ့နိုင်မည်သာ...သည်ကောင်ကုန်း
ကို တက်ရန်မှအပ အခြားမရှိတော့ ...


တောင်ကျွန်းထိပ်သို့ ရောက်လုရောက်ခင်မှာ
ဦးပိုင်တွန်း လဲကျသွားခဲ့ .... ပါးစပ်မှ
ဖြူးတွားသောင်ငင်သံသဲ့ရှိုင် လေတိုးသံမျှလောက်
မကျယ်လောင်တော့ ... သူ့ ခန္ဓာကိုယ်တစ်ခုလုံး
နည်းနည်းလေးမျှ မလှုပ်ရှားနိုင်တော့ ....
ပထမဦးဆုံး ထွက်လာသည့်
လစာကလေးကို ဖေဖေ နှင့်
မေမေ့ကို ကန်တော့ရို့ စိတ်ကူး
ကလေးဖြင့် ပန်းသွယ် ပြန်မလာ
ခဲ့လျှင် သည်အဖြစ်ကို ကြုံရာ
အကြောင်းမရှိ ....
ဟာယ်...
ဖေဖေကြီး..
ဖေဖေကြီး..
သူမ ကြော့ဖွဲ့ ပွေ့ထူလိုက်၏...ဦးပိုင်တွန်း
မျက်လုံးတွေမှအပ မည်သည့် ခန္ဓာ
အစိတ်အပိုင်းကမျှ မလှုပ်ရှားနိုင်တော့...
သားကြပါဦး ...
ဒီမှာ သောကြ
ပါဦး ....


သည်တော့မှ ခြံ အလုပ်သမားတွေ ရောက်လာကြသည်... ညီညီ နောက်ကို လိုက်သူက လိုက်သည်...
တကယ်တော့ သစ် စီမံကိန်း မအောင်မြင်နိုင်ကြောင်း ဒုဦးညီ အစကတည်းက သိသည်... မိုး၏ ကြိုးပမ်းမှုကို မချေမဖျက်လို၍ လက်ခံခဲ့တာလည်း အမှန်.... အစပိုင်း အပြောင်းအလဲတွေက အားတက်စရာဟု မိုး ထင်ခဲ့စဉ်ကလည်း လက်ထဲမှာ ရင်းနှီးမြှုပ်နှံဖို့ငွေ အသင့်ရှိနေသော အခြေအနေကြောင့်ပဲ ဆိုတာ သိသည်... သည်အခြေအနေတွေကို ကစားဖို့ နည်းလမ်း ကြိုတင် ရှာဖွေခဲ့တာ ကြာပြီ....
ချောင်းဖျားဒေသကို သူ ရက်ပတ်တိုင်းရောက်သည်... သရေ ချောင်းရေ ကြမ်းပြင်အောက်က သဲမှုန်တွေကို သူ လက်ခုပ်ဖြင့် ခပ်၍ အကြိမ်ကြိမ် ကြည့်သည်..ရေတိုက်စား၍ ပြောင်ချောနေသော ကျောက်ခဲကလေးတွေကို ပွတ်သပ်ကြည့်သည်...




ဘူမိဗေဒ ဆိုင်ရာ တာဝန်ထမ်းတွေ ရှာဖွေကာ
လေ့လာနေခဲ့တာလည်း ကြာပြီ... သည်နယ်မြေကို
ဘယ်သူမှ မသိအောင် သူ အထူးလျှို့ဝှက်ထားခဲ့...
ရခဲ့တဲ့ နမူနာတွေကို မိတ်ဆွေ ဓါတ်ခွဲခန်းထဲ
အကြိမ်ကြိမ် ပေးပို့ကာ ဓါတ်ခွဲစမ်းသပ်စေခြင်း
ရလာဒ်ကလည်း အကောင်းဘက်မှာ .....
ခုလည်း ချောင်းအဝင်ဘက်
ကျောက်လေ ဘဲမြေထဲမှ ရွှေသား
ပမာဏ ပါဝင်မှု များလာလေလေ..
နောက်ဆုံးအတွက်ကို ခပ်ယူ
ပြီးချိန်မှာ .....
ဟာ....
ရွှေ...ရွှေ.....
မှန်ပါသည်...စီးညီးကင်းမျှ
အရွယ်ရှိသော ရွှေခဲကလေး
က ညနေခင်းမှုန်ပြာသော
အလင်းရောင်ထဲမှာပင်
ဝင်းလဲ့တောက်ပလျှက်....



သူ အာရုံပျော်သွားသည် ... တိုးဂျိတိုးဂျိ သံတွေကို
... လုံး၀အာလင်း ... ပျောက်ကွယ်လုချိန်ကျမှ ....
ဟာ ...
အာရုံ
... နေပြီ ...
သည်အ... သူ ထားခဲ့သော
မြင်း ... တို့ကြားလိုက်ရ၏..
ဒီး ...
မြင်းကြီးဆီ သူ ပြန်ပြေးသွားသည် ... ဒါပေမဲ့ သူ နောက်ကျ
နေပြီ ... တောခွေးအုပ်က သူ့မြင်းကို ဝိုင်းရုံ ကိုက်ခဲသတ်ဖြတ်
လိုက်ကြပြီ .... သူ့မှာပါလာသော အမဲပစ် ရိုင်ဖယ်ဖြင့်
တောခွေးတွေကို စိတ်ရှိလက်ရှိ
ပစ်သတ်တော့၏ ....
ဒိုင်း ...
ဒိုင်း ....
ဒိုင်း ....
၁၈၉

# ပြိုကွဲမိုးတိမ်

အခန်း : ၂၆


ပေပေ့ရဲ့ အလောင်းက သူ့ကို ကြိုဆိုနေသည်... မိုး၏ သတင်းဆိုးက သူ့ နှလုံးသားတွေကို တစ်စစီ ပြိုကွဲစေ၏ .....
ပျဉ်းမမြိုင် မြို့နယ် ဆရာဝန်ကြီးက ချက်ခြင်း ရန်ကုန် ဆေးရုံကြီးကို ပို့ခိုင်းတယ်... ကလေးကတော့ ဘယ်လိုမှ မရှင်နိုင်တော့ဘူးတဲ့ မိုးအသက်ကို ကယ်တင်ဖို့တောင် အချိန် အများကြီး နောက်ကျနေပြီတဲ့ ...
ဦးလေးအောင်ဒင်ကို သူ ကြောင်တွေစွာ ငေးကြည့်နေမိသည်... သူ ဘာလုပ်ရမည်ကိုပင် မစဉ်းစား မဆုံးဖြတ်နိုင်လောက်အောင် အသိစိတ် ပြိုကွဲမှု အခြေအနေမှာ ကျရောက်နေ၏... ကံကြမ္မာက ဘာကြောင့် အဆိုးတွေချည်း စုဝေးသယ်ဆောင် လာရသလဲ .....


ပေပေ၏ ငြိမ်သက်သော
ဘုတ်အလောင်းကြီး နံဘေးမှာ
သူ ထိုင်နေ၏ ... ပေပေ၏
အေးစက်သော လက်တွေကို
သူ ဆုပ်နယ်နေမိသည် ....
ရင်ထဲက စကားတွေကို
ပေပေ၏ ဝိညာဉ်ကို သူ
ကြားစေချင်သည် .....
အကောင်းတွေချည်း
မျှဝေပေးချင်ပါတယ်ပေပေ..
ဘဝတစ်ခုကို သား လှလှပပလေး
ပေးချင်တာတွေ လှူစားပါ.... ပေပေ့
တွက် သာယာချမ်းမြေ့စရာ အချိန်
ကလေးကို သား အချိန်မီ ဖန်တီး
မပေးလိုက်နိုင်တာ ခွင့်လွှတ်ပါ...
ပေပေ ပြောခဲ့သလိုပဲ
ကျရောက်လာတဲ့ အခြေအနေတစ်ခုကို
မှန်မှန်ကန်ကန် လက်ခံရင်ဆိုင်ဖို့ အသင့်ပါ
ပေပေ.... သားရဲ့ ဘုရားကောင်းဟာ ပေပေပါ...
ပေပေ့ကို သားရဲ့ နောက်ဆုံးထွက်သက်
အထိ ကိုးကွယ်သွားမှာပါ ....
သား အတွက်
ပေပေ မသေပါဘူး...
ပေပေ့ ဝိညာဉ်က သားနဲ့
အသက်ဝင်ဆုံး အတူရှင်သန်
နေမှာပါ ပေပေ ....
၁၉၃


မေမေ၏ ရှာပနကို သူ စွန့်ပစ်ခဲ့ရုံ မသေးပါ... ကိုလတ်ထံ ဖုန်းဆက်တော့ သူ့ကို တစ်စုံတစ်ရာပြစ်ချက်ကျူးလွန်ထား သူလို ....
အားလုံးအတွက် မင်းမှာ တာဝန်ရှိတယ် ဆိုတာ မင်းသိရင် ပြီးတာပါပဲ ... ဒီအတွက် ငါ့အဖို့ အများကြီး အကျပ်အတည်း ဖြစ်ရတယ် ညီညီ ...တကယ်က မေမေ့ အလောင်းကိုတောင် ငါလာပြီး ကြည့်ခွင့် မရနိုင်တာတော့ ဝမ်းနည်းစရာပဲ ....
ကျွန်တော်လည်း မိုးဂုံ့ နဘေးမှာ ရှိနေ သင့်တာပါ ကိုလတ်ရယ်...
မင်းဆိုကို မေမေ လာပါ လိမ့်မယ်...
ကိုလတ် ဖုန်းချသွားသည်.... မိုးထံ သူ အရောက်သွားဖို့ ခုံးဖြတ်သည် ... မိုးဂုံ့ အခြေအနေလောက်ကိုတောင် မေးခွင့်မပြုသော ကိုလတ်ကို သူ အပြစ်မတင်တော့ပါ


မမေ ရောက်လာသည်.... ဆယ်ပေါင်း ဆိုသော သံယောဇဉ်ကတော့ ပေပေ့ နှလုံးသားကို လောင်မြိုက်စေမည်သာ..
ပေပေ့အလောင်း ကို ပေပေ လဲကျခဲ့သော မြစ်ထိပ်တောင်ကုန်း လေး ထိပ်မှာပင် ဂူသွင်းသဂြိုလ် ခဲ့သည် .....
နေစုန်းစုန်းနှစ်ဝင်ချိန်တိုင် ပေပေ၏ အုတ်ဂူ အနားမှာ ရှိနေခဲ့သလို သူနှင့်အတူ ရှိနေသူ တွေက ပေပေ့ကို အစ်ကိုကြီး တစ်ယောက်လို သံယောဇဉ်ထားခဲ့သော ပေပေ၏ လက်ရုံး လူယုံတော်ကြီး ဦးလေးအောင်ဒင်သာ .... နောက်တစ်ဦးကတော့ ပန်းသွယ်ကလေး ....
နေဝင်သွားပြီ ကိုကိုတွေး ... သွယ်လေးတို့ ပြန်ကြရအောင်..


အသက်ဝိညာဉ် ကင်းမဲ့သော အရုပ်တစ်ရုပ်လို ပန်းခြံငယ်လေး ၏ နောက်မှ သူ လိုက်ပါ
လာခဲ့သည်.... ဤမြေ ဤဝန်းကျင်နေရာတိုင်းမှာ ဖေဖေ့၏ ပုံရိပ်တွေက ရှင်သန်
လှုပ်ရှားခဲ့ ....' အိမ်ထဲကို သူ မဝင်ပါ... ဖေဖေ ထိုင်နေကျ ကော်ရစ်တာက ခုံတန်း
ကလေးမှာ ထိုင်ရင်း ဖေဖေ နှစ်ခြိုက် ပုံရိပ်တွေကို မြင်ယောင်နေ၏ .....
မနက်ဖြန် မေမေ ပြန်ရင် သား လိုက်မှာလား ...
မိုးရဲ့ အခြေအနေက ..
စိုးရိမ်စရာ မရှိတော့ပါဘူး ... ပျက်စီးသွားတဲ့ သူ့ရဲ့ သားအိမ်ကိုပါ ထုတ်ပစ် လိုက်ကြရတယ် သား ..
ဗျာ ... ဒါ .... ဒါဆို.. သူ ....
မင်းတို့ သားသမီး ယူဖို့တော့ မဖြစ်နိုင်တော့ဘူးပေါ့ ... တကယ်က မင်း လော့ချော့ ခဲ့တာပဲ ...


လ , ရှင်လာလေ
နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်နဲ့
မပြတ် ပြသ စစ်ဆေးသင့်လေပဲ ....
ခုတော့ မင်းတတ်ထားတဲ့ အသိ
ပညာတွေက အလကားပဲ...
မိုး ကိုယ်တိုင်
သားကို ဘာမှ
အသိမပေးခဲ့ဘူး
မေမေ ....
အို ..... သူက
မင်းရဲ့ ဇနီး မင်းကို မှီခိုသူပဲ...
အရာရာ မင်းမှာ တာဝန်ရှိတယ်...
မင်း သိသင့်တယ်... ပြောမှ သိ
ထိမှ နာတာ ပြည့်စုံတဲ့ လူ
တစ်ယောက်ရဲ့ အရည် အချင်း
မဟုတ်ဘူး ...
ကဲ .. မနက်ဖြန်
မင်း လိုက်နိုင်မယ်
ဆိုရင်တော့ ပြင်ဆင်
ထားလေတော့ ...



နောက်နေ့မှာပင် သူ့ထံ မိုးပြည့်၏ အမည်ဖြင့် ဘဏ်အကြောင်းကြား
စာ ရောက်လာခဲ့သည် ... ဘဏ်က ရှင်းလင်းပေးရမည့် ငွေကြေးကိစ္စကို
တစ်လအတွင်း ဖြေရှင်းပေးရန်နှင့် အကယ်၍ ပျက်ကွက်ပါက ကျန်ရှိ
သော လုပ်ငန်းပိုင်ဆိုင်မှု အရပ်ရပ်ကို တန်ဖိုးသတ်မှတ် သိမ်းယူမည်
ဖြစ်ကြောင်း ရာဇသံပေးခြင်းဖြစ်၏ ... ထိုအတွက် ဘဏ်ခွဲရုံးနှင့် မနက်ဖြ
လာရောက်တွေ့ဆုံရန် ဖြစ်၏ ... သူ့အနေဖြင့် မဖြေရှင်း၍ မရတော့ ...
သား ... မလိုက်နိုင်တော့ဘူး မေမေ ...
ဟာ! ... မင်း မလိုက်တော့ဘူး ဟုတ်လား ...
မေမေ၏ အကြည့်တွေက သူ့ကို မုန်းတီးခြင်းများဖြင့်
မင်း ... လူကော ဟုတ်သေးရဲ့လား ညီညီထွေး ...
မေမေ့ကို ကျွန်တော် အကြာကြီး ရှင်းပြနေဖို့ အချိန်မရှိဘူး မေမေ ... ခွင့်လွှတ်ပါ ...



သူ မေမေ့ကို ကျောခိုင်း၍ မိုးဇေ၏
အလုပ်ခန်းထဲ ဝင်လာခဲ့သည်...
မိုးနှင့်သာ လွှဲအပ်ထားသော လုပ်ငန်း
စာရင်းဇယားတွေကို သူ စိတ်ပျက်စွာ
ငေးကြည့်မိသည်... ဖိုင်တွေကိုတစ်ခုချင်း
မွှေနှောက်လှန်လှောရင်း ခေါင်းတွေ
ထူပူလာ၏... အားအင်တွေ ကုန်ခမ်းကာ
အသက်ရှူ၍ပင် မဝနိုင်တော့....
နောက်ဆုံးမှာ အနက်ရောင်မှတ်တမ်း
စာအုပ်တစ်အုပ်ကို သူ ကောက်ယူ
လှန်လှောကြည့်ရင်း .....
ဪ...
ထွက်ကျလာသော စာတစ်စောင်ကို သူ
ကောက်ယူလိုက်၏ .... ကိုလတ်ထံ လိပ်မူ
ထားသော မိုးဇေ၏စာ ဖြစ်သည်.....
သူ ပေါက်ပတ်မိချိန်
မှာတော့ ...သူ ကြေကွဲ
ခံစားရတော့၏ ....
ကြော်... သူက
ငါနဲ့ လက်ထပ်ခဲ့တာကို
အမှားကြီး တစ်ခုလို့ သတ်မှတ်ခဲ့တာ
ပါလား .... ခုလို ဂုဏ်ခိုင်နေရတဲ့
အခက်အခဲ ပြဿနာတွေကို ငါ ဖြေရှင်း
မပေးနိုင်တော့ဘူး ထင်ခဲ့တာပဲ ...
ကိုလတ်သာ သူ့ရဲ့ တကယ့် ကယ်တင်
ရှင်ကြီးလို့ သတ်မှတ်ထားခဲ့
တာ ပါလား ....
မိမိ မြတ်နိုးသူက မိမိကို
အထင်အမြင် အသေးခံရ
ခြင်းထက် ကြေကွဲစရာ
ဘာများ ရှိဦးမည်လဲ ....


ညီညီနှင့်ပတ်သက်သော
မေးခွန်း မှန်သမျှကို
မိခင်ဖြစ်သူကိုယ်တိုင်
က အတိုချုပ်ဆုံး
အဖြေကိုသာ ပေး၏...
မင်း လင်ခွေးများတာပဲ
မိုးပြည့် .... သူ့ အပေါ် မင်း
စိတ်မကျန်သေး၍ ဒီ့ထက် နောင်တ
တွေပဲ ရလိမ့်မယ် ....
သူ ...
လိုက်မလာ
ဘူးလား
မွေးကတည်းက
သူ့ထင်ရာ သူ လုပ်တတ်တဲ့
သတ္တဝါကလေးပဲ ...
မိုး မျက်ရည်
ကျရသည် ...
သည်တော့ ...
ကိုလတ်က ...
တော်ပါတော့
မေမေရယ် ... မိုး
စိတ်ဆင်းရဲ စရာတွေ
ဆက် မပြောပါ
နဲ့တော့ ...


ိုလတ်က သူမ နံဘေးမှာ အချိန်ပြည့်နေ၍
ိုလေလေးမရှိ ပြုစုစောင့်ရှောက်သည် ...
ကာယက ညှိုညှိ ရှိနေသင့်သော နေ့ရက် ....
ကိုလတ်ရဲ့ အလုပ်တွေ ပျက်လှကောပေါ့...
စီးပွားဥစ္စာထက် အရေးကြီးတာ အသက်ပဲ မိုး... စီးပွားဥစ္စာကို ပြန်လည်ရှာဖွေ ဖန်တီးနိုင်တယ်... အသက်ကို ဘယ်တန်ဖိုးရှင်မှ မဖန်တီး နိုင်ဘူး... မိုးရဲ့ အသက်ရှင်ခွင့် အတွက် အရာရာကို လဲလှယ်ရတယ်...
ကျေးဇူးတင်ပါတယ် ကိုလတ်ရယ်... သူနဲ့ ဦးတို့ သားအဖ အကြီးအကျယ် မျှော်လင့် ခဲ့တဲ့ ကလေးကို မိုး အောင်အောင် မြင်မြင် မွေးဖွားမပေးနိုင်တော့ တာ ခွင့်လွှတ်ပါ...
ဒီ အကြောင်းတွေ မိုး မေ့ပစ်နိုင်လေ ကောင်းလေပဲ...
ဪ... သူက မိုးရဲ့ ခင်ပွန်း ပါလေ...



သူက မင်းကို ဇနီးအဖြစ် တန်ဖိုးထားရင် ကောင်းတာပေါ့ ..
သည်စကားကို ပြောမိပြီးမှ စိတ်မကောင်း ဖြစ်ရသည် ... သူလင် သူမယား အကြားမှာ အစ်ကို တစ်ယောက်အနေဖြင့် မပြောသင့်မှန်း သိလျက် ပြောခဲ့မိပြီ ....
မိုး ဘယ်လို ခံစားရ မည်ကို သူ သိသည် ... ဆေးရုံက ဆင်းခွင့်ရ သည်အထိ နယ်ကိုပြန်ဖို့ မိုး လုံးဝ မပြော ....
သူကလည်း အကျပ်အတည်း သောကဒုက္ခတွေ ပြွန်းတီးနေသော နေ့ရက်ကို မိုးကို ပြန်ပြ မပေးစေချင် ... မိုး ရှိစဉ်ကာလက ကြီးထွားကျယ်ပြန့် ထည်ဝါလာသော ကုမ္ပဏီ ပုံကြီးကိုသာ သူ ခေါ်လာခဲ့သည် ... ဝန်ထမ်းအားလုံးက မိုးကို တစ်ချိန်က ကုမ္ပဏီ၏ အရေးပါခဲ့သော ပုဂ္ဂိုလ်တစ်ယောက်အဖြစ် တလေးတစား တခမ်းတနား ကြိုဆိုကြသည် ....







တကယ်တော့ လေအေးစက် တပ်ဆင်ထားရှိ အေးမြ
သင်းပျံ့ ရှင်ကြွယ်နေသော အခန်းကြီးများ ပြောင်လက်
တောက်ပသော မှန်ပြတင်းနှင့် လှပသော ခန်းဆီးအစများ
ဝင်းလက်ခန့်ညားသည့် စားပွဲနှင့် ကူရှင်တပ် ခုံလည်ကုလားထိုင်
များ ..... ခေတ်မီ အကူ ကရိယာတွေ ဖြစ်သည့် ကွန်ပျူတာ
အီးမေးလ် ဟမ်းဖုန်း ကြိုးမဲ့ဖုန်း မိုဘိုင်းဖုန်းတွေ ....
နေ့စဉ် ကမ္ဘာ့စီးပွါးရေးနှင့် ကမ္ဘာ့ငွေကြေးဈေးကွက်ကို
ချိတ်ဆက် ဖမ်းယူ ကြည့်နိုင်သော အင်တာနက်အချက်အလက်
တွေကအစ သူမကို လွှမ်းမိုးထားမိနေပြီ .....


သူ တကယ် တွေ့ဆုံရသော ဘက်ခုဏှ ဆိုသူက မေမေ၏ ခင်ပွန်းဖြစ်ခဲ့ဖူးသော ဦးဝင်းအောင် ဖြစ်နေတော့၏ ....
ထိုင်ပါ... ညီညီတွေး...
အသုံ့ခံ ဒူးတောက် အလုံ့လေး လက်နက်ချ မည့် စစ်ရှုံးဘုရင်လို့ စစ်အောင်နိုင်သော ကေဂျစ်တစ်ယောက် သက်ခံပုံမျိုးသာ ဖြစ်၏ .....
စိတ်မကောင်းပါဘူး... ငါက ဒီဘက်ရဲ့ ခုဏှ တစ်ယောက် ဖြစ်နေပေမယ့် ဘက်ရဲ့ စည်းမျဉ်းစည်းကမ်းနဲ့ ဥပဒေကိုတော့ ပြင်ဆင်ခွင့် မရှိဘူးကွာ ....
သူ ဘာမှမပြောဘဲ နေလိုက်သည် .....



မင်း အဖေ အနေနဲ့ကော မင်း အစ်ကို အနေနဲ့ပါ မင်းတို့ အပေါ် ဒီရည်ရွယ်ချက် ဥပက္ခာမပြုသင့် တာတော့ အမှန်ပဲ .... မင်း အနေနဲ့ မင်းရဲ့ အစ်ကိုနဲ့ အမေကိုတွေ့ပြီး ဆွေးနွေးသင့်တယ် ...
သူတို့ကသာ မင်းအတွက် အာမခံချက် ပေးပြီး တို့ကို မေတ္တာရပ်ခံမယ် ဆိုရင်တော့ မင်းတို့ ဂုဏ်သိက္ခာကို တို့ ငဲ့ညှာစဉ်းစားနိုင်တာပဲလေ..
ပြုံးလိုက်သည်... အတွက် ဦးဝင်းမောင် ကို လိုချင်တာ သူ ပါသည်... မေမေ့ကို ခြေဖဝါးအောက်သို့ ပြန်ကျောက်စေလိုခြင်းသာ..
နောက်တော့မကျ သေးပါဘူး... မင်း စီစဉ် နိုင်သေးတာပဲ...
ဘယ်လိုကွ.. အဲဒီ မင်းတို့ရဲ့ ပိုင်ဆိုင်မှု အရပ်ရပ်ကို အပ်မယ်ပေါ့ ဟုတ်လား ..
မလိုအပ် တော့ပါဘူး..
မဟုတ်ဘူး.. ခင်ဗျားတို့ကို ရှင်းရမယ့် ငွေကြေး စာရင်းဇယား မှန်သမျှကို အတိအကျ ပြင်ဆင်ထားဖို့ပါ...



ဟာ!
ဦးဝင်းမောင် အံ့အားသင့်နေသည် … ဘယ်သူ့မှလာခွင်း ဒီလို ပြောလင့်ရဲစကားမရှိ ….
ဒီတွေအားလုံးကို မင်း ရှင်းနိုင်မယ်လား..
ဟုတ်တယ်… ကျွန်တော့်ရဲ့ ကိုယ်ပိုင် ကုမ္ပဏီ အနေနဲ့ အားလုံး ကို တာဝန်ယူဖြေရှင်း မှာပါ ….
မင်း …မင်းရဲ့ ကုမ္ပဏီက …
Golden Cloud သဘာဝ အရင်းအမြစ်ပေါ်ထွက်ရေး ကုမ္ပဏီပါ …. ကျွန်တော့်ရဲ့ လက်ရှိ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းကိုတော့ ကုမ္ပဏီရဲ့ လက်အောက်ခံအဖြစ် ဆက်လက်လည်ပတ်မှာပါပဲ …



ကုမ္ပဏီရဲ့ ပင်မထုတ်လုပ်ရေး က နိုင်ငံတော်က တရားဝင်ခွင့်ပြုထားတဲ့ လုပ်ကွက်ထဲက ရွှေနဲ့ အခြားသတ္တုရိုင်း အမြစ်တွေကို ရှာဖွေပေါ်ထွက်မှာပါ ... နည်းပညာနဲ့ ငွေကြေးပါဝင်ကူညီမှာက ဆွစ်ဇ်သတ္တုကုမ္ပဏီကြီးတစ်ခုပါ...
လက်ရှိ ထုတ်လုပ်နိုင်မယ့် ပမာဏဟာ ခန့်မှန်းခြေအားဖြင့် အာရှဒေသ ရဲ့ အကောင်းမြင်ဆုံး သတ္တုလုပ်ငန်းကြီးတွေရဲ့ အောက်ကို မလျှော့နိုင်ပါဘူး....
ဦး စိတ်ဝင်စားမယ် ဆိုရင်တော့ ကျွန်တော်တို့ကုမ္ပဏီက တရားဝင် ရှယ်ယာထုတ်ပြီး ရောင်းချိန်မှာ ရှယ်ယာကို ဝယ် စုဆောင်းပေါ့ ... ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ကိုယ့်ကို လွှမ်းမိုးချယ်လှယ် ခံရလောက်တဲ့အထိ ရှယ်ယာပိုင်ဆိုင်နှုန်းကို ထုတ်ရောင်းမှာမဟုတ်ပါဘူး ...
သိတဲ့အတိုင်းပဲလေ ... စီးပွားရေးလောကထဲက လူတွေဟာ ကျီးအာသီးလို အမြင်ကျဉ်းသလောက် အတွင်းက ပုပ်စော် ဖွဲ့ရှာစရာ ကောင်းတာ မဟုတ်လား ... အဟင်း ... ဟင်း ...


သူ ဂုန်ကုန်ရောက်နေတာ မှီး မသိ.... သူ့မှာ ဆက်သွယ် အသိပေးချိန်တောင် မရ.... ညှိနှိုင်းဆောင်ရွက်ဖွယ် ကိစ္စ တွေက တစ်ခုပြီး တစ်ခု....
ဝန်ကြီးရုံးက မင်း ပြန်လာတာနဲ့ ဒွစ်ဇ်က ကိုယ်စားလှယ်တွေနဲ့ အပြီးသပ် စာချုပ်ကိစ္စ ဆွေးနွေး လက်မှတ်ထိုးရမယ်...


ဒီက
ဦးဝင်းမောင်တို့ ပို့ထားတဲ့
စာရင်းဇာင်းတွေပဲ ...
ဒီ ဘာလုပ်
ပေးရမလဲ...
စာရင်းစစ်အဖွဲ့ ငါခေါ်ထား
ပြီးပြီ ... စစ်ပြီးတာနဲ့ တရားဝင်
ငွေလွှဲစာချုပ်မှာ မင်း လက်မှတ်ထိုးရုံပဲ...
တကယ်က ဒီအချိန်မှာ မင်းအတွက်
ကျွမ်းကျင်တဲ့ ယုံကြည်စိတ်ချရတဲ့
အကူတစ်ယောက်လိုတယ် ညီညီ...


မိုးကို သူ့ပြေး၍ သတိရသည်... သည်လောက်ဆိုလျှင်
မိုး တစ်ယောက် သူ့ကို မျှော်နေလောက်ပြီ...
စိတ်ကောက်ချင်လည်း ကောက်နေလောက်ပြီ... သူက
မချော့တတ်... ချော့လည်း မချော့ဖူးဘူး ... ဒါပေမဲ့ ...မိုးသည်
စိတ်သဘောထား သိမ်နုပ်သူမဟုတ်... သူ့ကို အကြွင်းမဲ့
ချစ်သည်... သူ့မျက်နှာကို မြင်သည်နှင့် ဘယ်လောက်
ဝမ်းနည်း စိတ်ထိခိုက်စရာရှိရှိ ပြေပျောက်ငြိမ်းချမ်းသွား စမြဲ...
ပြီးတော့ ...သူမက ခုချိန်ထိ သူ့ငါ ရှိနေပဲ မဟုတ်လား
ဟော့ကောင် ငါ ပြောနေတာ မင်း ကြားရဲ့လား..
ဪ... အင်း... ကြားပါတယ်ကွာ ... ဒီအတွက် မပူနဲ့ ငါ့မိန်းမ ရှိတာပဲ...


အိုဒီလိုလည်း ပြီးကောပေါ့... ငါက မင်းအိမ်က ဆရာမလေး ကို ပြောတာ... မင်းအတွက်ဆိုရင် အဲ့ဒီ ဆရာမလေးက ဘာမဆို ပျော်နေတာပဲ ကိုယ့်လူ...
ဟာ... မင်းကတော့ လုပ်ပြီ... ငါက အိမ်ထောင်သည် ပဲကွာ.... ပြီးတော့ ဒီကောင်မလေးက ဟိုး...ကလေးဘဝကထဲက ကိုယ့်လက် ပေါ်မှာ ကြီးလာတာ ကိုယ့် ညီမလေး အရင်းလိုပဲ စိတ်က ထင်တယ်...
ကောင်းပါတယ်ကွာ... မင်းကတော့ တို့အုပ်စုထဲမှာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီး ပါပဲ... အဟား...ဟား...


ကိုယ့် ကိစ္စတွေ အားလုံး ပြီးလျှင်တော့ မိုးကို သူ သွားတွေ့မည်....
သူ့ အစီအစဉ်တွေ လုပ်ငန်းတွေ ပြောပြမည်... ကြမ်းတမ်းခဲ့ရသော နယ်မှာ မိုးကို မနေစေချင်တော့ ... ကုမ္ပဏီ ရုံးချုပ်နေရာ သတ်မှတ်ပြီးလျှင်တော့ ရုံးတာဝန်ကို မိုး လက်သို့ အပ်မည် .... မိုး ကျင်လည် အသားကျခဲ့သော ရန်ကုန်မှာပဲ တိုက်တစ်လုံး ဝယ်ပေးမည် .....
၂၁၀


သူကတော့ တောကို ချစ်သည်... သဘာဝ အနံ့အသက်ကိုသာ ရှူမက် စုံမင်သည်.... ပေပေ့အိမ်... ပေပေ့ မြေကို ဘယ်တော့မှ ပျက်သုန်း မခံနိုင်... ပေပေ့ အိမ်မှာပဲ နေမည်....
မိုးထဲ သတိရလျှင် သွားမည်...သားသမီး မရနိုင်တော့သော မိုးအတွက် မြေသိမ့် နိုင်ဖို့ မိဘမဲ့ ကလေးတစ်ဦးကို ခေါ်ယူ မွေးစားနိုင်သည်.....
မေမေနှင့် ကိုလတ်တို့လည်း စိတ်ဝင်စားလျှင် သူ့ ကုမ္ပဏီ မှာ ရှယ်ယာဝင်နိုင်သည်... အမှန်အတိုင်း ပြောရလျှင် သူ့ ကုမ္ပဏီကို မိသားစု ကုမ္ပဏီသာ ဖြစ်စေချင် သည်.... သွေးစည်းခြင်းဖြင့် ပြိုကွဲပျက်စီးမည့် အန္တရာယ်ကို ရှောင်ကွင်း နိုင်မည် မဟုတ်ပါလား...
မိုး ... အရမ်းပျော်သွား မှာပဲ



သူ့ မျက်နှာရှေ့ကို ကျောက်လာသော တချွပ်ကြီးကို
သူ နားမလည်နိုင်စွာ ငေးကြည့် နေမိသည် ....
မိုးက သူ့ကို ခံစားချက်မဲ့သော မျက်လုံးတွေနှင့်
အားစက်စွာ ကြည့်နေ၏ .... မေမေနှင့် ကိုလတ်
ကိုယ်တိုင်က သူ့ကို သူစိမ်းတစ်ယောက်လို .....
သူ့ရှေ့ကို ငွေစက္ကူ အထုပ်များ ပွေ့လျား လာသလို ...
ဒီ ... ဘဏ်ကို မင်း ရှင်းရမယ့် ငွေတွေ- ငေါ်း ရှင်းဖို့ပဲ ညီညီ ... ပြီးတော့ မင်းရဲ့ ကမ္ဘာဦး စီးပွါးရေး လုပ်ငန်းကြီးကို နှုန်းရှုတ် လိုက်တော့ ...
ဘာ!



အဲဒါကြီးကို မင်း မစွန့်လွှတ်နိုင်ရင် မိုးကို မင်း စွန့်လွှတ်ရုံပဲ ရှိတယ်... သူ မင်းနဲ့ ပြန် လိုက်တော့မှာ မဟုတ်ဘူး
ဒီ... ဒီ... တချုပ်က...
မိုးကို မင်း တရားဝင် ကွာရှင်း ပေးလိုက်ဖို့ပါ...
ထူ နေရာမှ ရုန်းခနဲ ထ ရပ်လိုက်သည် .... အားလုံးကို နားလည် သဘောပေါက်လိုက်၏... ဟားတိုက်ရယ်မောလိုက်၏... မိုးကို တစ်ချက်ငဲ့ကြည့်ရင်း...
အို ... မင်းရဲ့ သဘောထား အမှန် ပဲလား ...
မိုးဟာ ကိုညီ့ အတွက် နောက်တစ်ကြိမ် အသုံးချ မယ့် ဇနီးတစ်ယောက် ဖြစ်လာစရာ အကြောင်း မရှိတော့ပါဘူး ...


ဪ... မင်း
အထင်ပါလား ..
ကျွန်မ
သိနေတာ
ယုံကြည်သွား
တာပဲ ...
သူ နာကျင်ကြေကွဲသော အပြုံးဖြင့်
စာချုပ်မှာ လက်မှတ်ထိုးလိုက်၏ ....
ပြီးတော့ နောက်မှ
လှည့် အတွက် ...



ညီညီ ..
မင်း ငွေတွေ ...
ငွေကြေးအကျိုးအာဝါရဲ့
လွှမ်းမိုးခံရတဲ့ လူစားထဲမှာ
ကျုပ် မပါဘူး ... တစ်လောကလုံး
လောင်မီးကျနေရင်တောင် ကြံ့ကြံ့ခံ
သွားမယ့် လူစားထဲမှာ ကျုပ်
ပါတယ် ... ကဲ ... ရွှေစော်နံ့လို့
ပြန်လိုက်ပါဦးမယ် ...
မိုးနှင့် ကိုလတ်တို့၏
ပြုံးစေ့စေ့က သူ့
ခန္ဓာကိုယ်တစ်ရှလုံး ဖြိုခွဲ
မှုန့်ညက်သွားလုမတတ် ...
အိုလေမဲ့ သူက ဘာကိုပဲ
ဖြစ်ဖြစ် တုန်လှုပ်ဖို့
မကြိုးစား .....
သူ့ အရက်ပြင်းပြင်းတွေကို
အဆက်မပြတ် သောက်သည် ...
မူး၍ မေ့သည် ... လောကကြီး
တစ်ယောက်၏ ကြေကွဲခြင်း
ကို သူ ကြိုးစားတောင့်ခံ၏ ...


တစ်ရှသော နံနက်ခင်းမှာတော့ သူ ကြည်ကြည်လင်လင် အိပ်ရာနိုးလာသည် ....
သူ မြတ်နိုးသော လေလေ့အိမ်က လေပေဖွံ့စဉ်ကလို ဘန်းရှင်းရိုင်မာဆဲ... ပြတင်းမှ လှမ်းမြင်နေရသော ရိုက်ခင်းနှင့် မွေးမြူရေးခြံတွေမှာ အလုပ်သမားတွေက ပုံမှန် လှုပ်ရှားထမ်းဆောင်ဆဲ ....
သစ္စာ့သန့်စင်စက်ရုံကြီး တည်ဆောက်နေတာကိုလည်း နံနက်ခင်း ရွှေရောင်တောက်ပသော ကောင်းကင်နောက်ခံဖြင့် မြင်နေရ၏ ....
ဘသည်အချိန်မှာပဲ ရွှေရောင် ပန်းပုမယ်ကလေး တစ်ယောက်က သူ့ ပခုံးကို ဖွဖွမှီတွဲခိုရပ်လာ၏... သူမ မျက်နှာကလေးက အချစ်ရည် ရွှမ်းလျက်... နေ့သစ်ကို ဝေဒနာ လောင်းဖြင့် ဖြတ်သန်းရဟာ မလို မလိုတော့...ပန်းသွယ်ရဲ့ အိုးကလေး ကို သူ ပွေ့ယူလိုက်ရင်း .....
ထာဝရ ကြိုးစားလျက်
အမှတ် - ၁၅၉၊ မင်းရဲကျော်စွာ-၂-လမ်း၊ ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ။